မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၁၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၆၃)

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈) ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အနာဂတ်ပန်းတိုင် ထင်ထင်ရှားရှားပေါ်လွင်နေပြီ

မိမိတို့သည် ကမ္ဘာသူ ကမ္ဘာသားအားလုံးနှင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးကို လိုလားပါသည်။ မည်သူ့အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်းကိုမျှ ရှေးရှုလုပ်ဆောင် ဖန်တီးမှုမပြုပါ။ မိမိတို့အပေါ် မလိုတမာ ပြုကျင့်မှုများကိုလည်း မိမိတို့၏ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာများကို မသိနားမလည်၍၊ သဘောမပေါက်၍ ကြံစည်လုပ်ဆောင်နေသည်ဟုသာ ထင်မှတ်သဘောထားကြပါသည်။

မိမိတို့၏အတိတ်သည် မြူများဆိုင်းနေ၍ မှုန်ဝါးဝါးဖြစ်နေခဲ့ရသော်လည်း အနာဂတ်သည်မူ နေလာနင်းပျောက်ဆိုသကဲ့သို့ ပန်းတိုင်ထင်ထင်ရှားရှား ပေါ်လွင်နေပြီဟု ယုံကြည်မိပါတော့သည်။ ခိုင်မျိုးညီလာအောင်၏ ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့(၂) ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၁ ရက်)

ရောဂါဆိုးများ ပပျောက်ကင်းစင်ရေး လက်တွဲညီညီ ဆက်လက်ပူးပေါင်းဆောင်ရွက်

ကျန်းမာရေးသည် လူတိုင်းအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။ နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်စေရေး အနှစ်(၃၀) အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

အဆင့်မြင့်ဆေးရုံသစ်ကြီးများ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေးဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ခြင်းအပါအဝင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းပေးထားပြီ ဖြစ်သည်။ အလားတူ နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများ၌ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကိုလည်း တိုးချဲ့တည်ဆောက်ပေးထားသည်။

ဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများအား သင်ကြားပြုစု ပျိုးထောင်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတကာ၌ တီဘီရောဂါ၊ ငှက်ဖျားရောဂါများ ပြန်လည်ဖြစ်ပွားလာသကဲ့သို့ အေအိုင်ဒီအက်စ်နှင့် ကြက်ငှက်တုပ်ကွေးစသည့် ရောဂါသစ်များလည်း ဖြစ်ပွားလာလျက်ရှိသည်။

နိုင်ငံတော်က အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါစသည့် ရောဂါဆိုးကြီးများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရာတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း ရောဂါဆိုးများ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် နိုင်ငံတော်နှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ခဲ့သည်။

သို့ဖြစ်ရာ ရောဂါဆိုးများ ပပျောက်ကင်းစင်ရေးအတွက် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံတော်က ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲညီညီ အရှိန်အဟုန်မြှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၆ရပ်ကွက် မင်းဓမ္မလမ်း သဲအင်းဂူကျောင်းနေ(ဦးဘိုတော-ဒေါ်ဟန်စီ)၊ (ဦးငွေလှိုင်၊ဒေါ်ဝ)တို့အား ရည်စူး၍ သဲအင်းဂူဆရာတော် ဦးမုနိန္ဒနှင့် ညီမ ဒေါ်သီလစာရီ မိသားစုတို့က အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်လက်ခံယူစဉ်။ (က-ပ)

အစ်မတော် စောမွန်လှဘုရားအတွက် လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၀

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလေး-ပြင်ဦးလွင် ကားလမ်းနံဘေး အောင်ပင်လယ်ရှိ အစ်မတော်စောမွန်လှ တည်ထားကိုးကွယ်သော သစ္စာအဓိဋ္ဌာန်အောင်ဆုတောင်းပြည့် မြတဘက်ဘုရားနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းအတွင်းရှိ ရှစ်မျက်နှာ ရှမ်းစေတီတို့အားပြုပြင်ရန်၊ မြတဘက်ဘုရားတောင်ဘက်တွင် ယခုအသစ် တည်ထားကိုးကွယ်မည့် အလျားပေ၉၀၊ အနံ၆၃ပေရှိ နဂါးကိုးကောင် မင်္ဂလာကန်တော်နှင့် စေတီတစ်ဆူအတွက် အစ်မတော်စောမွန်လှနှင့် နဂါးမယ်တော်တို့၏ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များမှ ပါဝင်တည်ဆောက်ပြုပြင်၍ အလှူဒါနပြုကြရန် ဖိတ်ခေါ်ထားသည်။ အလှူရှင်များအနေဖြင့် မြတဘက် ဆရာတော်ဦးရာဇိန္ဒ ဖုန်း-၀၂-၈၈၀၈၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က-ပ)

ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၀

ဆဋ္ဌအကြိမ် ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်အဖွဲ့(ပထမ) နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ၁နာရီက ဗဟန်းမြို့နယ် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဝင်းအတွင်းရှိ မင်္ဂလာဈေးမွှောရုံ၌ ကျင်းပရာ သဘာပတိအဖြစ် တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍဓဇလက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်း သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝါယမိန္ဒ ကိုယ်စား တိုင်းသံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တနရိန္ဒနှင့် သဘာပတိ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍဓဇလတို့က ဩဝါဒကထာမြွက်ကြားတော်မူသည်။ ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရေစက်ချ

ဆက်လက်၍ စေတနာရှင်၊အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံပြီး ဘဒ္ဒန္တကုဏ္ဍဓဇလထံမှ ပရိသတ်များက ရေစက်ချတရား နာယူကြသည်။ ဆက်လက်၍ သာသနာရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို တိုင်းသံဃနာယက အဖွဲ့ဝင်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တရေဝတ လင်္ကာရကလည်းကောင်း၊ ဝိနိစ္ဆယ ရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို တိုင်းသံဃနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဘဒ္ဒန္တအာဒိစ္စဝံသက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက် အစီရင်ခံစာကို တိုင်းသံဃနာယက အဖွဲ့ဝင် ဘဒ္ဒန္တသုမနက လည်းကောင်း ဖတ်ကြားလျှောက်ထားကြပြီးနောက် သဘာပတိ ဆရာတော်က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လှူဒါန်း

ဖခင်ကြီး ဦးတင်မြင့် လေးလပြည့်အား ရည်စူး၍ အမှတ် ၂၂၄ ဝေပုလ္လ ၅လမ်း (ဃ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဇနီး ဒေါ်မြမေနှင့် သားသမီး၊မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ထာဝရနဝကမ္မငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

အထက(၂)မော်ကျွန်း အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၀

မော်လမြိုင်ကျွန်းမြို့ အထက(၂)၏ ပထမအကြိမ်မြောက် သက်ပြည့်အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၅ရက် ညနေ၄နာရီတွင် အဆိုပါကျောင်း မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ရပ်ဝေးရောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးသန်းနိုင်ဦး ဖုန်း-၀၄၂-၅၀၁၁၈၊ ဦးနိုင်ဦး ဖုန်း-၀၄၂-၅၀၃၆၁နှင့် ဒေါ်သက်သက်ခိုင် ဖုန်း-၀၉-၅၁-၁၂၅၁၈၊ ၀၁-၂၀၁၃၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၁-၃-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅	၆။	မိုးချစ်တပ်မတော်
၅:၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသ သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (အပိုင်း-၄၁) (ဒုတိယတွဲ) (ဇာတ်သိမ်းပိုင်း)

မိဘများအား ရည်စူး၍ အမှတ် (၃၇)ပြည်ထောင်စုလမ်း၅၀ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဒေါ်နွဲ့အေး၊ ဦးအေးကြိုင်-ဒေါ်ခင်လေး၊ ဒေါ်မြင့်ရီ၊ဦးမြဝင်း မောင်နှမ တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၁၁၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁)ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

စိန်စည်ရိပ်သာ ရှင် ၁၀၀ ဝတ်ပွဲနှင့် ၁၀ရက် ကလေးတရားစခန်းပွဲ

ရန်ကုန် မတ် ၁၀

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာအတွင်း၌ ရှင် ၁၀၀၊ သီလရှင်၁၀၀ ဝတ်ပွဲနှင့် ကလေးတရားစခန်းပွဲကို (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်မှ တန်ခူးလဆန်း၃ရက်) မတ်၃၀ရက်မှ ဧပြီ၈ရက်အထိ ၁၀ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ (တပေါင်းလပြည့်ကျော်၆ရက်) မတ်၂၇ရက် နောက်ဆုံးထား၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း စိန်စည်သာသနာ့ရိပ်သာ ဖုန်း–၅၈၁၁၆၇၊ ၀၉–၅၁–၂၃၀၀၃ နှင့် ဒေါ်နီနီလွင်၊ ဒေါ်အေးအေးသန်း (မပေါက်) အမှတ်၃၄၆ ဗညားဒလလမ်း ကျောက်မြောင်း တာမွေမြို့နယ် ဖုန်း–၅၄၆၈၈၅၊ ၀၉–၅၁–၂၆၀၀၈တို့သို့ စာရင်းပေးသွင်း တရားအားထုတ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

မဇ္ဈိမဂုဏ်ရည်ဆရာတော်တရားပွဲ

ရန်ကုန် မတ် ၁၀

ရမည်းသင်းမြို့ သာသနနုဂ္ဂဟအဖွဲ့မှ ဦးစီးပင့်ဆောင်၍ မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၏ အထူးတရားပွဲကို ရမည်းသင်းမြို့ သီလဝခန်းမ၌ ဖေဖော်ဝါရီ ၁၅ရက်မှ ၁၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။ **(က–ပ)**

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မပွဲစကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၁၀

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ မတ်၂ရက် နံနက် ၈နာရီက ကျင်းပရာ မန္တလေးတိုင်း တရားသူကြီးအမှူးပြုသော တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တရားသူကြီးများ၊ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးအရာရှိများ စုစုပေါင်း ၁၅၈ဦး တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဖတ်ကြားလေ့လာ

အစည်းအဝေးတွင် မန္တလေးတိုင်းတရားသူကြီး ဦးလှဝင်းနှင့် တွဲဖက်တိုင်းတရားသူကြီးများက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် အမျိုးသားညီလာခံက ချမှတ်ပေးထားသော အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေး (၁၇/၂၀၀၈)တွင် သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးပြောကြားသည့် နိဂုံးချုပ်အမှာစကားကိုလည်းကောင်း၊ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကိုလည်းကောင်း ဖတ်ကြားလေ့လာကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် မန္တလေးတိုင်း တရားသူကြီး ဦးလှဝင်းက မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်တရားရုံးများတွင် စစ်ဆေးစီရင်လျက်ရှိသော ပြစ်မှုဆိုင်ရာအမှုများ၊ တရားမမှုများနှင့်စပ်လျဉ်း၍ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေး၊ တစ်နှစ်အထက်ကြန့်ကြာသော ပြစ်မှုဆိုင်ရာအမှုများ မရှိစေရေး၊ ပြစ်မှုထင်ရှားတွေ့ရှိသူများအား ပြစ်မှုနှင့်လျော်ညီစွာ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ရေးစသည်ဖြင့် တရားစီရင်ရေးရာကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(က–ပ)**

အထက(၁) ဒဂုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၀

အထက(၁) ဒဂုံ၌ ၁၉၇၅မှ ၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် ၆၀ပြည့် ဆရာကြီး၊ ဆရာမကြီးများအား မတ်၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် မြတ်စိုးဝင်း Techno Land ဖုန်း–၂၄၉၅၆၅၊ ဇော်မင်းဦး Moon Bakery ဖုန်း–၀၉–၅၀–၀၂၅၇၁၊ သီရိမာ ဖုန်း–၀၉–၅၀–၂၁၂၄၁၊ ချိုလေးလွင် ဖုန်း–၀၉–၉၉–၇၂၅၈၀၊ ကေခိုင်လင်း ဖုန်း–၀၉–၅၁–၂၇၂၁၅၊ အောင်သူထွန်း ဖုန်း–၀၉–၅၁–၃၂၈၅၁၊ သတ္တိ ဖုန်း–၀၉–၅၁–၆၅၉၈၂၊ သားစိုး ဖုန်း–၀၉–၅၁–၄၀၂၁၀ နှင့် မမိုးဦး ဖုန်း–၅၄၁၉၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိဇ္ဇာလမ်းစဉ် ဝိဇ္ဇာကျင့်စဉ်များဖြင့် ဝိဇ္ဇာမဂ္ဂဇင်း အမှတ်(၇)ဖြန့်ချိ



ရန်ကုန် မတ် ၁၀

ဆရာမောင်ပန်းမွှေးနှင့် ဆရာမောင်သွေးချွန်တို့ စီစဉ်တည်းဖြတ်သော ဝိဇ္ဇာ ရသစုံမဂ္ဂဇင်းအမှတ်(၇) ဧပြီလထုတ် ဖြန့်ချိထားသည်ကိုတွေ့ရသည်။ **(ယာပုံ)** သမထဝိပဿနာဆိုင်ရာ ဝိဇ္ဇာစရဏဟု ဆိုအပ်သော အသိနှင့် အကျင့်ကို မြှင့်တင်ပေးသော ဆောင်းပါးကောင်းများ ပါဝင်သည်။ ဣန္ဒိတံ မဟာမုနိ ရုပ်ပွားတော်နှင့် အဓိဋ္ဌာန်ကျင့်စဉ်၊ မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ တောထွက်စစ်တမ်း၊ ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ဝိဇ္ဇာလမ်းပေါ်မှ ပွဲလေးပွဲ၊ ဆရာတော်ဦးဃောသိတ၏ ဝိပဿနာလုပ်ငန်းစဉ်၊ ပြည် ဝေပုလ္လာရာမဆရာတော်ကြီး၏ ပဋိပတ္တိနှင့် ကျန်းမာရေးဒဿနအမြင်၊ တည်ကြည်၏ ဝဋ္ဋသုတ်နှင့် ကိုယ်တွေ့ဆယ့်တစ်မီးငြိမ်း၊ မဟာဆေးဝက်ပါဆရာတော်၏ သိဒ္ဓိပေါက်ရွှေလမ်းစဉ်၊ ငြိကာလာသိဒ္ဓိပေါက်ဂါထာ စသည်ဖြင့် ဖတ်စရာ မှတ်စရာ သိစရာကျင့်စဉ်များ စုံလင်သည်ကို တွေ့ရသည်။

ချမ်းသာပျော်ရွှင် အောင်မြင်သော ဘဝတည်ဆောက်ရန် ကုသိုလ်ကံမြင့်ယတြာအစီအရင်များ၊ မြန်မာနှစ်သစ်ကူးမှ ကုသိုလ်ပြုဖွယ်ရာများ၊ စီးပွားရေးအကျိုးပေးလမ်းညွှန်၊ တစ်နှစ်စာ ဟောစာတမ်းစသော လောကီရေးရာများလည်း ပါဝင်သည်ကိုတွေ့ရသည်။

သာဂဒိုး၊ ချစ်ဦးညို၊ ဟိန်းလတ်၊ လှမိုး(ပညာရေး)၊ မြေလတ်မြတ်သူ၊ စံဇာဏီဘို၊ မောင်ခိုင်ခန့်၊ ဒေါက်တာသင်းသင်း၊ ခင်စောတင့်၊ ကောင်းသော်၊ ရန်အောင်ဟိန်း၊ ဓမ္မာစရိယ ဦးအောင်ကျော်မိုး စသည်ဖြင့် ဝါရင့်ကလောင်စုံတို့၏ လက်ရာများကို စာမျက်နှာ ၃၀၀ကျော်ဖြင့် တော်ဝင်မြို့မစာအုပ်တိုက် ဖုန်း–၂၄၅၂၈၄ က ဖြန့်ချိထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်ဖြူမြို့ အလက(၂) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

ကျောက်ဖြူမြို့ အလက(၂) (မြို့မကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၂ရက် (စနေနေ့) နံနက်၉နာရီတွင် အမှတ်၃၆၃ သုံးလွှာ(ရွှေဗဟိုဟိုတယ်ရှေ့) ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့တွင်ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဦးသန်းဌေးအုန်း ဖုန်း–၀၉–၅၁–၈၅၀၂၉၊ ၅၆၃၀၄၄၊ ၅၂၄၆၈၃၊ ကိုတင်ဌေး၊ ကိုထွန်းနိုင် ဖုန်း–၀၉–၅၀–၁၃၈၈၇၊ ၅၄၆၇၃၇၊ မခင်လှမြိုင် ဖုန်း–၀၉–၅၀–၃၉၂၅၅၊ ဒေါ်အေးအေးရွှေ ဖုန်း–၇၂၃၉၅၆၊ မရီရီသန်း ဖုန်း–၀၉–၉၉–၂၆၉၆၇၊ မမြကြည်ဖြူ ဖုန်း–၅၄၆၁၁၃နှင့် မစန်းစန်းအေး ဖုန်း–၇၂၅၃၉၂တို့သို့ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးငြိမ်းသတ်ရာ၌ ပါဝင်ခဲ့သော ဝန်ထမ်းများအားဂုဏ်ပြု

ရန်ကုန် မတ် ၁၀

မန္တလေးမြို့ လမ်း၃၀ လမ်း ၇၀ X ၇၁လမ်းကြားရှိ Jewellery Luck Company Limited ၏ Golden City Crown Hotel တွင် မတ်၆ရက် မွန်းလွဲ၂နာရီက တိုင်းမီးသတ်ဦးစီးဌာနနှင့် ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မီးငြိမ်းသတ်ရာတွင် ပါဝင်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင် အခမ်းအနား ကျင်းပသည်။ **(ဝဲပုံ)**

ဂုဏ်ပြုချီးမြှင့်

အခမ်းအနားတွင် တိုင်းမီးသတ်ဦးစီးမှူး ဦးသန်းဝင်းနှင့် ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်တို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။ တာဝန်ရှိသူများက မီးငြိမ်းသတ်ရာတွင် ပါဝင်ခဲ့သော Golden City Crown Hotel မှ ဝန်ထမ်း ၃၃ဦး တို့အား J.L.C Co.,Ltd.၊ M.D နှင့် BOD အဖွဲ့ Upper Myanmar Director နှင့် D.G.M J.L.C Co., Ltd. ရန်ကုန်ဟိုတယ်များအုပ်စု၊ J.L.C သစ်အချောထည်စက်ရုံ၊ Hotel Mandalay နှင့် The Prince Hotel တို့မှ စုပေါင်းဂုဏ်ပြုချီးမြှင့်ငွေ ၁၁၅၀၀၀၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

စွမ်းစွမ်းတမံ

အဆိုပါ ဝန်ထမ်းများသည် မတ်၅ရက် နံနက်၆နာရီ ၄၅မိနစ်က လမ်း၃၀၊ လမ်း၇၀ X ၇၁လမ်းကြားရှိ ဆောက်လုပ်ရေး တိုက်ခန်း အခန်းအမှတ်၂ မီးလောင်မှုတွင် စွမ်းစွမ်းတမံ ပါဝင်မီးငြိမ်းသတ်ခဲ့သူများဖြစ်ကြောင်း သတင်းရရှိသည်။ **(က–ပ)**

မီး

အစဉ်သတိပြု

မီးဝိုင်းနေသော သားသမီးခုနစ်ဦးအား ကနေဒါမိခင်တစ်ဦးက နေအိမ်အတွင်းမှ ကယ်တင်ပေးနိုင်ခဲ့

အော့တဝါ မတ် ၁၀

ကနေဒါမိခင်တစ်ဦးသည် ၎င်း၏သားသမီးခုနစ်ဦးအား မီးဝိုင်းနေသော နေအိမ်အတွင်းမှ ကယ်တင်ပေးနိုင်မှုကြောင့် သူ့ရဲကောင်းတစ်ဦးအဖြစ် ချီးကျူးဂုဏ်ပြုခဲ့ကြောင်း ကနေဒါရုပ်မြင်သံကြားက မတ် ၇ ရက်တွင် သတင်းထုတ်လွှင့်သွားသည်။

ကုသမှုခံယူ

အဆိုပါ အမျိုးသမီးနှင့် အသက်နှစ်နှစ်မှ၁၀နှစ်အတွင်းရှိ ၎င်း၏ကလေးများသည် မတ်၇ရက် နံနက်ပိုင်းက ဒဏ်ရာများရခဲ့၍ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည်။

ပြောကြား

ယင်းမီးမှာ အဆိုပါအမျိုးသမီးနေထိုင်ရာ အဆောက်အအုံအောက်ထပ် ဆိုဖာတစ်ခုမှစ၍ မီးလောင်ခဲ့ကြောင်း၊ မီးများ တစ်အိမ်လုံးဟုန်းဟုန်းတောက် လောင်မြိုက်နေချိန်တွင် ၎င်းအမျိုးသမီးသည် ဒုတိယထပ်မှ ကလေးခုနစ်ဦးအား ပြတင်းပေါက်မှနေ၍ ပစ်ချကာ ကယ်တင်ပေးနိုင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

စောင့်ကြည့်နေ

မတ်၇ရက်ညသန်းခေါင်အချိန်၌ မီးစတင်လောင်ခဲ့ရာ မီးများနေအိမ်ကိုဝိုင်းထားစဉ် အိမ်နီးချင်းများက ယင်းနေအိမ်ရှိ မိသားစုကို စောင့်ကြည့်နေကြသည်။

ထိုအချိန်တွင် ယင်းအမျိုးသမီးက သားသမီးခုနစ်ဦးအား ပြတင်းပေါက်မှပစ်ချပေးပြီး သူ့ရဲကောင်းတစ်ဦးသဖွယ် ကယ်တင်ပေးနိုင်ခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှင်းမုန်တိုင်း

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် မတ်၈ရက်က နှင်းမုန်တိုင်း တိုက်ခတ်ပြီးနောက် နှင်းထဲ၌ နစ်မြုပ်နေသော ကားတစ်စီးအား တွန်းယူနေကြသည်ကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံအလယ်ပိုင်း အဆိုးရွားဆုံး နှင်းမုန်တိုင်းတိုက်ခတ်

အိုဟိုင်းယိုး မတ် ၁၀

အမေရိကန်နိုင်ငံအလယ်ပိုင်း၌ မတ်၈ရက်က နှင်းမုန်တိုင်းများ (ယာပုံ) **ပြင်းထန်စွာတိုက်ခတ်ခဲ့ရာ လေယာဉ်ခရီးစဉ်များနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်မှုဖြစ်ပွားခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။**

အဆိုပါနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့်ဆီးနှင်းထုမှာလက်မ၂၀အထိ မြင့်တက်ခဲ့ကြောင်း၊ အဓိကထိခိုက်မှု ဖြစ်ပွားရာဒေသများမှာ ကိုလံဘတ်စ်၊ အိုဟိုင်းယိုးပြည်နယ်များ ဖြစ်ကြောင်း၊ လူလေးဦးလည်း သေဆုံးသွားကြောင်း၊ ကင်တပ်ကီမှနယူးယောက်အထိ ဓာတ်အားလိုင်းများပြတ်တောက်ခဲ့ရကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

ဗြိတိန်တွင်ယာဉ်တိုက်မှု ခြောက်ဦးသေဆုံး

လန်ဒန် မတ် ၁၀

ဗြိတိန်နိုင်ငံ အလယ်ပိုင်း ကော့စ်ဝိုးလ်ဒ်အရပ်တွင် ကားချင်းခေါင်းချင်း ဆိုင်တိုက်မှုဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က မတ် ၈ရက်၌ ပြောကြားသည်။

အဆိုပါယာဉ်မတော်တဆမှုသည် မတ် ၇ရက် ညပိုင်းက ဖြစ်ပွားခဲ့ပြီး အမျိုးသားသုံးဦး၊အမျိုးသမီးတစ်ဦးနှင့် ၁၅နှစ်အရွယ် မိန်းကလေးတစ်ဦးတို့ ပွဲချင်းပြီး သေဆုံးကာ အမျိုးသမီး တစ်ဦးမှာ ဆေးရုံ အရောက်တွင် သေဆုံးခဲ့သည်။

ဒဏ်ရာရသူ ကလေးနှစ်ဦးနှင့် အမျိုးသားကြီးတစ်ဦးမှာ ဆေးရုံတွင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေရှိကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။ အဆိုပါ ကားမတော်တဆဖြစ်ပွားရခြင်း အကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ အခင်းဖြစ်ပွားစဉ် အဆိုပါယာဉ်များကို မျက်မြင် တွေ့ရှိခဲ့သူ သက်သေမရှိသကဲ့သို့ သတိထားမိသော သတင်းပေးသူလည်း မရှိသေးကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်၌ အလောင်း ၁၀၀ခန့် မြှုပ်ထားသည့်နေရာ ဘက္ကဒက်မြို့မြောက်ဘက်၌တွေ့ရှိ

ဘက္ကဒက် မတ် ၁၀

အီရတ်နိုင်ငံတွင် ဆွေးမြည့်နေသည့်အလောင်း ၁၀၀ခန့်ကို စုပြုံမြှုပ်ထားသည့် နေရာတစ်ခုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့သည်။

မြှုပ်နှံမှုတစ်ခု

ဘက္ကဒက်မြို့တော် တောင်မြောက်ဘက် ခါလစ်မြို့အတွင်းမှ တူးဖော်တွေ့ရှိသည့်အလောင်းများမှာ သုံးလေးလအတွင်း တွေ့ရှိသည့် အစုလိုက်အပြုံလိုက် အလောင်းမြှုပ်မှုတွင် ဦးရေအများဆုံးဖြစ်သည့် မြှုပ်နှံမှုတစ်ခုဖြစ်သည်။

သတ်ဖြတ်

ယင်းသို့မည်သည့်အဖွဲ့က သတ်ဖြတ်မြှုပ်နှံထားသည်ကို မသိကြောင်း၊ သို့သော်လည်း ၂၀၀၃ ခုနှစ်တွင် အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော် ဝင်ရောက်ပြီးနောက်ပိုင်းတွင် ဖြစ်နိုင်သည်ဟု ဆိုသည်။

ယုံကြည်နေ

အီရတ်၌ ထိုသို့အစုအပြုံလိုက် သတ်ပြီး မြှုပ်သည့်နေရာအများအပြားရှိမည်ဟု လူ့အခွင့်အရေးအုပ်စုများက ယုံကြည်နေကြသည်ဟုဆိုသည်။

(အင်တာနက်)

လူမျိုးခွဲခြားမှုအဆုံးသတ်ရန် ကုလသမဂ္ဂကတိုက်တွန်း

ဂျီနီဗာ မတ် ၁၀

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်က အမေရိကန်မြို့ကြီးများကို အကြမ်းဖက်တိုက်ခိုက်ခံရပြီးကတည်းက ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးလာသည့် လူမျိုးခွဲခြားမှုကို အဆုံးသတ်ရန် အမေရိကန်နိုင်ငံအား ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတစ်ခုက မတ် ၇ ရက်တွင် တိုက်တွန်းလိုက်သည်။

အစီရင်ခံစာ

လူမျိုးခွဲခြားမှုကို အဆုံးသတ်ရန် အမေရိကန်ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်အဆင့်များတွင် အစီအမံများ ချမှတ်ထားသော်လည်း လူမျိုးခွဲခြားမှု၊ အထူးသဖြင့်အာရပ်များ၊ မွတ်စလင်များနှင့်တောင်အာရှနွယ်ဖွား အမေရိကန်နိုင်ငံသားများအပေါ်ခွဲခြားဆက်ဆံနေကြောင်း ကုလသမဂ္ဂလူမျိုးရေးခွဲခြားမှုပပျောက်ရေးကော်မတီ (ယူအင်န်စီအီးအာရ်ဒီ)၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

စိုးရိမ်မကင်း

လူမျိုးစုနှင့် တိုင်းရင်းသားလူနည်းစုများ၊ အထူးသဖြင့် လက်တင်အမေရိကနှင့် အာဖရိကအမေရိကန်များ အဆင့်မမီသောအခြေအနေဖြင့် ဆင်းရဲသားရပ်ကွက်များတွင် ပြွတ်သိပ်နေရခြင်း၊အလုပ်အကိုင်ကန့်သတ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝမရခြင်းစသည့်အခွင့်အရေးများဆုံးရှုံးခြင်းအပေါ် စိုးရိမ်မကင်းဖြစ်ရကြောင်းအစီရင်ခံစာ၌ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘူလ်ဂေးရီးယား၌ ရထားမီးလောင်ခဲ့ပြီးနောက် ရထားပေါ်၌ ဆေးလိပ်သောက်သုံးမှု ပိတ်ပင်တားမြစ်

ဆိုဖီယာ မတ် ၁၀

ဘူလ်ဂေးရီးယား ပို့ဆောင်ရေးဝန်ကြီး ပီတာမူတာဖေဘီယက်က ဘူလ်ဂေးရီးယားရထားများပေါ်တွင် ဆေးလိပ်သောက်သုံးမှု ပိတ်ပင်တားမြစ်မှု အပါအဝင် လုံခြုံရေးအစီအမံများဆောင်ရွက်ရန် အမိန့်ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က မတ်၇ရက်၌ ရေးသားဖော်ပြသည်။

ပညာပေး

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင်ရထားစီးခရီးသည်များ၏ကုန်စည်အမျိုးအစားနှင့် အလေးချိန် သတ်မှတ်ထိန်းချုပ်ရေး၊ မီးလောင်မှု မဖြစ်ပွားရန် ခရီးသည်များအား အသိပညာပေးခြင်းနှင့် အခြားမတော်တဆမှုများ မဖြစ်ပွားရန် ဆိုသည့်အချက်များ ပါဝင်သည်။

ပါဝင်

ရထားတွဲများတွင် အရေးပေါ်ဘရိတ်၊ မီးသတ်ဆေးဘူးများ၊ အရေးပေါ်ဝင်ထွက်ပေါက်များ ပြုလုပ်သွားရန် အချက်များလည်း ပါဝင်သည်။

သေဆုံး

ယင်းအစီအမံများသည် ဖေဖော်ဝါရီ ၂၉ရက်က ဆိုဖီယာမြို့မှ ကာဒမ်မြို့သို့သွားသည့် ရထားတစ်စင်း မီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ၎င်းရထား မီးလောင်မှုကြောင့် ကိုးဦးခန့် သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မစ်ဆူရှိတာ အီလက်ထရွန်နစ်ကုမ္ပဏီမှ နောက်ဆုံးပေါ် ရုပ်မြင်သံကြားပြစက်များ ရောင်းချနေသည်ကို မတ် ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ပညာရှိဆိုတာ ...

အမြင့်ပေ ၄၀၀၀၀ကျော်၌ ပျံသန်းနေသော ခရီးသည်တင်လေယာဉ် တစ်စင်းပေါ်တွင် ပညာရှိတစ်ဦး လိုက်ပါလာလေသည်။ တစ်နေရာအရောက် လေယာဉ်ကြီး ညာဘက်တိမ်းစောင်းသွားရာ . . .

ခရီးသည်များ ။ ။ လေယာဉ်ကြီး ညာဘက်စောင်းနေပြီ ဘယ်လိုလုပ်ကြမလဲ။

ပညာရှိ ။ ။ ခရီးသည်တွေ ဘယ်ဘက်ခြမ်းမှာ စုပြီးနေလိုက်ပါ။

ခရီးသည်များ ။ ။ ဟာ…လေယာဉ်ကြီး ဘယ်ဘက် စောင်းသွားပြန်ပြီဟော့။

ပညာရှိ ။ ။ မစိုးရိမ်ကြပါနဲ့…ခရီးသည်တွေ ညာဘက်ခြမ်းမှာ သွားစုနေလိုက်ပါ။

ခရီးသည်များ ။ ။ ဟယ်…လေယာဉ်ကြီး အောက်ကို ဇောက်ထိုးဆင်းနေပြီ…ကယ်ကြပါဦး။

ပညာရှိ ။ ။ ကြိုက်တဲ့ဆုသာ တောင်းကြတော့ဗျို့ …

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အယ်လ်ဆာဗေဒို နိုင်ငံ၏သမိုင်းစဉ်

သတင်းအက်ဆေး



အယ်လ်ဆာဗေဒို သမ္မတနိုင်ငံသည် အမေရိကတိုက်အလယ်ပိုင်းဒေသတွင် တည်ရှိသည်။ အယ်လ်ဆာဗေဒိုသမ္မတနိုင်ငံမှာ ပြည်တွင်းစစ်နှင့်တကွ သဘာဝ ဘေးအန္တရာယ်များ အကြိမ်ကြိမ်ကျရောက်မှုတို့ကြောင့် အဆုံးအရှုံး အပျက် အစီးများစွာကို ရင်ဆိုင်ခံစားခဲ့ရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဤနိုင်ငံငယ်သည် အမေရိကတိုက်မှာ လူဦးရေအထူထပ်ဆုံး နိုင်ငံဖြစ် သည်။ထို့ပြင် စက်မှုလုပ်ငန်းအကြီးအကျယ် တည်ဆောက်နိုင်သည့် နိုင်ငံလည်း ဖြစ်၏။ သို့သော် လူမှုရေးမညီမျှမှုနှင့် မြေလျှင်လှုပ်တတ်လွယ်မှုတို့က ခေတ်သစ်အယ်လ်ဆာဗေဒိုနိုင်ငံကို ကွက်ကွက်ကွင်းကွင်းမြင်အောင် သရုပ်ဖော် ပေးနေသည်။

အယ်လ်ဆာဗေဒိုနိုင်ငံ ၁၅၄၀ပြည့်နှစ်တွင် စပိန်ကိုလိုနီလက်အောက်ခံဖြစ်ပြီး ၁၈၂၁ခုနှစ်တွင် စပိန်လက်အောက်မှလွတ်မြောက်သည်။ထို့နောက်ဗိုလ်ချုပ်ကြီး ဩဂတ်စတင်း၏လက်အောက် မက္ကဆီကို အင်ပါယာအတွင်း သွတ်သွင်းခံရပြန် သည်။ ၁၈၂၃ခုနှစ်တွင် အယ်လ်ဆာဗေဒိုနိုင်ငံသည် ကော့စတာရီကာ၊ ဂွာတီ မာလာ၊ ဟွန်ဒူးရပ်စ်နှင့် နီကာရာဂွာနိုင်ငံတို့ ပါဝင်သည့် ဗဟိုအမေရိကက ညီညွတ်ရေး ပြည်နယ်များနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်လာသည်။၁၈၄၀ပြည့်နှစ် တွင်ပြိုကွဲသွားသော အယ်လ်ဆာဗေဒိုနိုင်ငံသည်လည်း အပြည့်အဝလွတ်လပ် ရေး ရရှိသွားသည်။ ၁၈၅၉-၆၃ ခုနှစ်များတွင် အယ်လ်ဆာဗေဒို သမ္မတဂါရာဒို ဘားရီယော့စ်က ကော်ဖီစိုက်ပျိုးရေးစတင်ခဲ့သည်။ ၁၉၃၂ခုနှစ်တွင် ဖာရာ ဘန်ဒိုမာတီ ဦးဆောင်သည့် တောင်သူလယ်သမားသူပုန်ကိုနှိမ်နင်းစဉ် လူပေါင်း ၃၀၀၀၀ သေဆုံးခဲ့သည်။

တရားမဝင်

၁၉၆၁ခုနှစ်တွင် စစ်တပ်ကအာဏာသိမ်းပြီးနောက် လက်ယာအမျိုးသား ပြန်လည်သင့်မြတ်ရေးပါတီ (ပီစီအင်) အာဏာရလာသည်။ ၁၉၆၉ ခုနှစ်တွင် ဟွန်ဒူးရပ်စ်နိုင်ငံက ထောင်ပေါင်းများစွာသော တရားမဝင်လာရောက် နေထိုင်သူ ဆာဗာဒိုနိုင်ငံသားများကို နှင်ထုတ်ပြီးနောက် အယ်လ်ဆာဗေဒိုနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့ စစ်ဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် အစိုးရတပ်များနှင့် လက်မရွံ့တပ်သားများ၏ လူအခွင့် အရေး ချိုးဖောက်မှုသတင်းများကြီးစဉ်မှာပင် လက်ဝဲဖာရာဘန်ဒိုမာတီ အမျိုးသား လွတ်မြောက်ရေးတပ်ဦး (အက်ဖ်အမ်အယ်လ်အင်)က ပြောက်ကျား စစ်ဆင်ရေးများတိုးမြှင့် တိုက်ခိုက်လာသည်။ ၁၉၇၉-၈၁ ခုနှစ်များအတွင်း လက်ယာလက်မရွံ့တပ်သားများက ပြည်သူ၃၀၀၀၀ခန့်ကို သတ်ဖြတ်ခဲ့သည်။

၁၉၇၉ခုနှစ်တွင် ဗိုလ်ချုပ်ကြီးရိုမီရိုကို အာဏာသိမ်း ဖယ်ရှားလိုက်သည်။ ၁၉၈၀ပြည့်နှစ်တွင် လူ့အခွင့်အရေးလှုံ့ဆော်သူ အော့စကာရိုမီယိုလုပ်ကြံခံရပြီး နောက်၊ ၁၉၃၁ခုနှစ်နောက်ပိုင်း ပထမဆုံးအရပ်သားသမ္မတအဖြစ် ဟိုဆေး နပိုလီယံဒွါတေက တာဝန်ယူသည်။ ၁၉၈၄ခုနှစ်တွင် သမ္မတအဖြစ် ဒွါတေ ပြန်လည်အရွေးခံရသည်။ ၁၉၈၆ခုနှစ်တွင် အက်ဖ်အမ်အယ်လ်အင်နှင့် စေ့စပ် ဖြေရှင်းရန် ပထမဆုံးကြိုးပမ်းသည်။

၁၉၈၁ ခုနှစ်တွင် အက်ဖ်အမ်အယ်လ်အင်ကို တရားဝင်နိုင်ငံရေးအင်အားစု အဖြစ် ပြင်သစ်နှင့်မက္ကဆီကိုတို့က အသိအမှတ်ပြုသည်။ အမေရိကန်နိုင်ငံကမူ လက်ယာလက်မရွံ့တပ်သားများကို တစ်ဖက်တစ်လမ်းမှ အားပေးနေသည့် အယ်လ်ဆာဗေဒိုအစိုးရကို ဆက်လက်ကူညီနေသည်။

၁၉၉၁ခုနှစ်တွင် အက်ဖ်အမ်အယ်လ်အင်ကို နိုင်ငံရေးပါတီအဖြစ် အစိုးရက အသိအမှတ်ပြုပြီး ကုလသမဂ္ဂ ကြားဝင်ဆောင်ရွက်ပေးသည့် ငြိမ်းချမ်းရေး စာချုပ်ကို လက်မှတ်ထိုးကြသည်။

၁၉၉၄ခုနှစ်တွင်လက်ယာစွန်းအမျိုးသားရီပတ်ဘလီကင်မဟာမိတ်(အရီနာ) ပါတီမှ ကာလ်ဒေရွန်ဆိုးလ်သမ္မတအဖြစ် ရွေးချယ်ခံရပြီး၊ ၁၉၉၉ခုနှစ်တွင် အရီနာပါတီမှပင်ဖရန်စစ္စကိုဖလောရက်စ်က သမ္မတဖြစ်လာသည်။၂၀၀၄ခုနှစ် မတ်လတွင်အရီနာပါတီမှကိုနီဆာကာ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသည်။

သေဆုံး

သမ္မတ ဖရန်စစ္စကိုဖလောရက်စ် လက်ထက် ၂၀၀၁ ခုနှစ်ဆန်းတွင် မြေလျှင် အကြီးအကျယ်လှုပ်သည့်အတွက် အယ်လ်ဆာဗေဒိုပြည်သူ ၁၂၀၀ သေဆုံးပြီး တစ်သန်းကျော် အိုးမဲ့အိမ်မဲ့ဘဝ ကျရောက်ခဲ့ရသည်။

ဤနိုင်ငံမှာခါးသည်းလှသော ပြည်တွင်းစစ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ကြီးမားခဲ့သည်။ ဤသည်မှာ လက်တစ်ဆုတ်စာ ချမ်းသာသည့် လူတစ်စုနှင့် ပြည်သူအများစုတို့အကြား ဆင်းရဲချမ်းသာကွာဟမှုကြောင့်လည်း ပြည်တွင်းစစ် ဖြစ်လာရခြင်းဖြစ်သည်။ ပြည်သူတို့မှာဆိုးရွားသည့် မသတီစရာ ဆင်းရဲနွမ်းပါးမှု ဘဝ၌ပင် ဆက်လက်၍ နေကြရသည်။

ပြည်တွင်းစစ်ကြောင့် ပြည်သူ ၇၀၀၀၀သေဆုံးပြီး ဒေါ်လာသန်းပေါင်း များစွာဖိုး နစ်နာဆုံးရှုံးခဲ့ရပြီ။ သို့သော် ထိုထိုသောဖြစ်စဉ်က အရေးကြီးသော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကိုမူ ဖော်ဆောင်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေး သဘောတူညီမှုကြောင့် ပြည်တွင်းစစ်သည် ၁၉၉၂ခုနှစ်တွင် ရပ်စဲခဲ့ရသည်။ သို့သော် ဟာရီကိန်းမစ်ရှ်နှင့်နောက်ပိုင်း မြေလျှင်ဒဏ်စသည့် သဘာဝ ဘေးအန္တရာယ်များက အယ်လ်ဆာဗေဒိုနိုင်ငံကို အညှာတာကင်းမဲ့စွာ ဒုက္ခပေး လိုက်သေးသည်။

ဖန်တီးပေး

စီးပွားရေးမှာ အမေရိကန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် သူများက အိမ်ပြန်ပို့သည် ငွေကြေးအပေါ်တွင် အဓိကမှီခိုနေရသည်။ ဆင်းရဲမှု၊ ပြည်တွင်းစစ်၊သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့်ယင်းတို့၏ နောက်ဆက်တွဲ ဆိုးကျိုးများက အယ်လ်ဆာဗေဒိုလူ့အဖွဲ့အစည်းကို အမေရိကတိုက်နိုင်ငံများ အနက် ရာဇဝတ်မှုအထူပြောဆုံး လူ့ဘောင်အဖြစ် ဖန်တီးပေးသည်။

သမ္မတကိုနီဆာကာသည် အမြင်ကျယ်၍ သဘောထားကြီးသူ ဖြစ်သည်။ ရာဇဝတ်ဂိုဏ်းများကို နှိမ်နင်းပစ်ရန် အာမခံထားပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန် လွတ်လပ်သည့်ဈေးကွက်စီးပွားရေးကို ထောက်ခံအားပေးလျက် ရှိသည်။ အမြင်ရှင်းအောင် စီမံခန့်ခွဲပါမည်ဟူသော သမ္မတဆာကာ၏ ကတိ စကားက အနာဂတ်အယ်လ်ဆာဗေဒို စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားတစ်ခုပင်ဖြစ်သည်။ ။

[ကိုးကား-အင်တာနက်]

တိုး-ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဒါဇိုင်ဇီကျေးရွာ၌ မတ် ၉ ရက်က မြေပြိုမှုဖြစ်ပွားရာ ရွာသားငါးဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိ ခဲ့သည်။**

➢ အာဂျင်တီးနားနိုင်ငံတောင်ပိုင်း ဒိုလိုရက်စ်မြို့အနီး မတ်၉ရက်က ရထား တစ်စင်းနှင့် ဘတ်စ်ကားတစ်စီးတို့ တိုက်မိခဲ့ရာ ခရီးသည် ၁၈ဦး သေဆုံးပြီး ၅၀ခန့် ဒဏ်ရာရရှိခဲ့သည်။

■ **လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အနီးရှိ ဒုံးကျည်ပစ်လွှတ်ရေးစခန်းမှ တာဝေးပစ်ဒုံးကျည်တစ်စင်းကို မတ် ၁၀ရက်က စမ်းသပ်ပစ်လွှတ် လိုက် သည်။** (အောက်ပုံ)



➢ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ အရှေ့ဘက် မိုင်၄၀ခန့်အကွာ၌ မတ်၉ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ သုံးဦးသေဆုံး ခဲ့သည်။

■ **တရုတ်နိုင်ငံကမ်းလွန် တောင်တရုတ်ပင်လယ်၌ မတ်၉ရက်က တစ်နာရီ မိုင် ၈၀နှုန်း တိုက်ခတ်သော မုန်တိုင်းကြောင့် ငါးဖမ်းစက်လှေ နှစ်စင်း ပျောက်ဆုံးလျက်ရှိသည်။**

➢ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အနောက်ဘက်ရှိ မြစ်တစ်ခုအတွင်း ခရီးသည်တင် စက်လှေတစ်စင်း မတ် ၈ ရက်က နစ်မြုပ်ခဲ့ရာ သုံးဦး သေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိသည်။

■ **ပီရူးနိုင်ငံ လီမာမြို့အရှေ့ဘက် မိုင်၄၀ခန့်အကွာရှိ မီးတောင်မှာ မတ် ၉ရက်က လှုပ်ရှားလျက်ရှိပြီး မီးခိုးနှင့်ပြာမှုန်များ ကောင်းကင်သို့ မှုတ်ထုတ်လျက်ရှိသည်။**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၀-၃-၂၀၀၈

အီဂျစ်လူငယ်တစ်ဦး ကြက်ငှက်တုပ်ကွေးဖြစ်ပွား

အီဂျစ်၌ကလေးငယ်တစ်ဦး ကြက်ငှက်တုပ်ကွေး ဖြစ်ပွားနေကြောင်း အီဂျစ် အရာရှိများက ပြောကြားသည်။

အဆိုပါ ကလေးငယ်မှာ ရှစ်နှစ်အရွယ်ရှိ လူငယ်လေးတစ်ဦးဖြစ်ပြီး ဖာယွမ်ပြည်နယ်မှဖြစ်ကြောင်း၊ ယခု ကြက်ငှက်တုပ်ကွေး လူ၌ဖြစ်ပွားမှုမှာ ၄၇ဦးမြောက်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အီဂျစ်-အစ္စရေး ပါလက်စတိုင်း ကိစ္စဆွေးနွေးမည်

အစ္စရေးနှင့် အီဂျစ်တို့ ပါလက်စတိုင်း ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြမည် ဖြစ်ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းလက်နက်ကိုင်များကိစ္စနှင့် ဒေသခံ ပါလက်စတိုင်းတို့အရေးကို နှစ်ဖက်ဆွေးနွေးမှုများ မကြာမီရက်အတွင်း ပြုလုပ် သွားမည်ဟု ၎င်းတို့က ပြောကြားသည်။

၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် ဘရာဇီးကခရီးသွားလုပ်ငန်းများပြင်ဆင်

၂၀၁၄ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဘရာဇီး နိုင်ငံက ကျင်းပသည့်အခါ အသင့်ဖြစ်စေရန် ခရီးသွားကဏ္ဍများကို စတင်ပြင်ဆင်မှု များ ပြုလုပ်တော့မည်ဖြစ်ကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်

တရုတ်နိုင်ငံ၏ အိုလံပစ်ပွဲတော် အတွေ့အကြုံများကို လေ့လာသွားမည် ဖြစ်ပြီး ခရီးသည်များအတွက် ဆွဲဆောင်မှုရှိစေမည့် သဘာဝအပန်းဖြေစခန်း များနှင့် အခြားပြုပြင်မှုကို စတင်လုပ်ကိုင်သွားမည်ဟု ၎င်းတို့က ဆက်လက် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေး ထပ်မံဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်း ရာရှာဟီခရိုင်ရှိ ကြက်မွေးမြူရေး ခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိ များက ပြောကြားသည်။

ရောဂါဖြစ်ပွားနေသော ကြက်ခြံမှ ကြက်များအားလုံးကို သုတ်သင်ရှင်း လင်းခဲ့ပြီးဖြစ်ကြောင်း၊ ထိုခရိုင်အနီးဝန်းကျင်၌ ကြက်ငှက်တုပ်ကွေး သတိပေး ချက်များ ထုတ်ပြန်ထားကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံထုတ်ကျည်ဆန်ရထား ပြေးဆွဲမည်

တရုတ်နိုင်ငံ ထုတ်ပထမဆုံး ကျည်ဆန်ရထားကို မကြာမီစတင် ပြေးဆွဲ တော့မည်ဖြစ်ကြောင်း တရုတ်ပို့ဆောင်ရေးအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပထမဆုံးထုတ်လုပ်သော ကျည်ဆန်ရထားသည် တစ်နာရီ ကီလိုမီတာ ၃၀၀မောင်းနှင်နိုင်ပြီး ပေကျင်းနှင့်တီအင်ကျင်းမြို့များသို့ လာမည့် ဩဂုတ်လ အစောပိုင်း၌ စတင်ခုတ်မောင်းမည် ဖြစ်သည်။

တရုတ်၌ ဆီးနှင်းကျဆင်းမှု ကူညီ

ရုရှားနှင့်တွန်ဂါနိုင်ငံတို့က တရုတ်နိုင်ငံမှ ဆီးနှင်းကျဆင်းမှုဒဏ် ခံစားရ သော ပြည်သူများအတွက် ငွေကြေးနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ထိုသို့ ထောက်ပံ့ကူညီရာတွင် လောင်စာဆီများ၊ စားနပ်ရိက္ခာများနှင့် ထောက်ပံ့ငွေများပါရှိကြောင်း အဆိုပါအရာရှိများက ပြောကြားသည်။

ဘဝဒဿန အမြင်

* ***The highest possible stage in moral culture is when we recognize that we ought to control our thoughts.***

အကျင့်စာရိတ္တအကောင်းဆုံးဖြစ်ရန်မှာ မကောင်းသည့်စိတ်များ မပေါ် ပေါက်ရန် ထိန်းချုပ်နိုင်စွမ်းရှိရေးပင် ဖြစ်သည်။

ချားလ်စ်ဒါဝင်
(အင်္ဂလိပ်သဘာဝသမိုင်းပညာရှင်)

* ***Truth is immortal ; error is mortal.***

အမှန်တရားသည် ထာဝရမြဲသောအရာဖြစ်ပြီး မှားယွင်းမှုသည် မမြဲ သောအရာ ဖြစ်သည်။

မာရီဘေကာအက်ဒီ
(အမျိုးသမီးအတွေးအခေါ်ပညာရှင်)

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

ကလေးငယ်အား အလိုလိုက်ခဲ့ပါလျှင် . . .

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် မတ်၉ရက်က ကလေးငယ်သုံးဦးနှင့် အဒေါ်ဖြစ်သူတစ်ဦးတို့ မတော်တဆ ဖြစ်ရပ်ကြောင့် သေဆုံးခဲ့ရကြောင်း လစ္စဘွန်းမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အသက်၃၄နှစ်အရွယ်ရှိအဒေါ်တစ်ဦးက တူတူမသုံးဦး တို့ကို မော်တော်ယာဉ်ဖြင့်တင်ဆောင်ကာ မြို့ပြင်ပန်းခြံတစ်ခုသို့ သွားရောက် ခဲ့သည်။ ထိုသို့ မော်တော်ယာဉ်ဖြင့် မောင်းနှင်ချိန်တွင် အသက်ငါးနှစ်အရွယ် တူမဖြစ်သူက စတီယာရင်ကို ရုတ်တရက် ဆွဲကိုင်ခဲ့သဖြင့် မော်တော်ယာဉ် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာမှ ကလေးသုံးဦးအပါအဝင် အဒေါ်ဖြစ်သူ လည်း ပွဲချင်းပြီးသေဆုံးရခြင်း ဖြစ်သည်။

ထို့ကြောင့် ဤဖြစ်ရပ်သည် ယာဉ်မောင်းရာတွင် ကလေးငယ်များအား အနီးကပ်ရှိမနေသင့်ကြောင်း သတိပေးလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

ဒီမိုကရက်တစ်သမ္မတလောင်း ရွေးချယ်မှု ပါတီညီလာခံအထူးကိုယ်စားလှယ်များ ထောက်ခံမှုအရေးပါ

ဝါရှင်တန် မတ် ၁၀

ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက် ဟီလာရီနှင့်အိုဘားမားတို့သည် ဝိုင်အိုမင်းပြည်နယ် အကြိုရွေးကောက်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကြသော်လည်း အိုဘားမားက ညီလာခံကိုယ်စားလှယ် ခုနစ်ဦး၊ ဟီလာရီက ညီလာခံကိုယ်စားလှယ် ငါးဦး အသီးသီးရရှိသည်။

မဲဆွယ်စည်းရုံးနေသည့် အိုဘားမား (အင်တာနက်ဓာတ်ပုံ)

အကြိုရွေးကောက်ပွဲ

ဤပြည်နယ်က ဒီမိုကရက်တစ် ပါတီညီလာခံသို့ ကိုယ်စားလှယ် ၁၂ဦးသာ စေလွှတ်ရသည့် ပြည်နယ်ဖြစ်သည်။ အမှန်အားဖြင့် ကိုယ်စားလှယ်နည်းပါးသည့် ပြည်နယ်အကြို ရွေးကောက်ပွဲများတွင် ဟီလာရီကလင်တန်၏ မဲဆွယ်စည်းရုံးမှုမှာ အားသွန်ခွန်စိုက် ယခင်က မပြုလုပ်တတ်ပေ။ ကိုယ်စားလှယ်များများ စေလွှတ်သည့် ပြည်နယ်အကြို ရွေးကောက်ပွဲများတွင်သာ အာရုံစိုက်ခဲ့သည်။

ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု သမ္မတလောင်းဖြစ်ရန် ညီလာခံကိုယ်စားလှယ် ၂၀၂၅ဦး ရရှိရပေမည်။ ယခုအခါ အိုဘားမားက ၁၅၇၈ဦး၊ ဟီလာရီက ၁၄၆၈ဦး အသီးသီးရရှိသဖြင့် ပြည့်မီရန် များစွာလိုပေသေးသည်။

အဆင်ပြေနိုင်

အိုဘားမားအနေဖြင့် ဟီလာရီကလင်တန်၏ ဒုတိယသမ္မတ နေရာတွင် လက်ခံလျှင် ဒီမိုကရက်တစ်ပါတီသမ္မတနှင့် ဒုတိယသမ္မတလောင်းများအဖြစ် အဆင်ပြေနိုင်သည်ဆိုသော ဟီလာရီ၏ ပြောကြားချက်ကို မစ္စစ္စပီတွင် သမ္မတဟောင်း ကလင်တန်က ထပ်မံပြောကြားသည်။

ဆက်လက်ယှဉ်ပြိုင်

အိုဘားမားကလည်း သူသည် ဒုတိယသမ္မတနေရာကို ချိန်နေသူမဟုတ်ဘဲ သမ္မတဖြစ်ရေးကို ကြိုးပမ်းနေသူဖြစ်ကြောင်း တုံ့ပြန်လိုက်သည်။ ထို့ကြောင့် ဟီလာရီနှင့် အိုဘားမားတို့သည် ဆက်လက်ယှဉ်ပြိုင်ကြမည်မှာ သေချာသည်။

ထိပ်တန်းပုဂ္ဂိုလ်များ

သမ္မတရွေးကောက်ပွဲ၌ ပါတီ ကိုယ်စားပြု သမ္မတလောင်း ရွေးချယ်ရာတွင် ဒီမိုကရက်တစ်ပါတီ ညီလာခံသို့ တက်ရောက်လာကြမည့် ပါတီထိပ်တန်းပုဂ္ဂိုလ်များ၊ ပါတီဝင်များ ပါဝင်သည့် ညီလာခံအထူးကိုယ်စားလှယ်များ၏ မဲပေးထောက်ခံမှုမှာ အဓိကအခန်းမှ ပါဝင်လာတော့မည် ဖြစ်သည်။

ရီပတ်ဘလီကင် ပါတီအနေဖြင့်မူ နိုဝင်ဘာလ၌ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ပါတီသမ္မတလောင်းအဖြစ် ဂျွန်မက်ကိန်းကို ရွေးချယ်ထားပြီး ဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂျေရုဆလမ်၌ ဖြစ်ပွားခဲ့သောပစ်ခတ်မှု ဟားမတ်စ်အဖွဲ့၏ လက်ချက်ဟုဝန်ခံ

ဂါဇာ မတ် ၁၀

ဂျေရုဆလမ်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်း၌ အစ္စရေး ကျောင်းသားရှစ်ဦးအသတ်ခံရမှုသည် ပါလက်စတိုင်းအစ္စလမ္မစ်လှုပ်ရှားမှုအဖွဲ့၏ လက်ချက်ဖြစ်ကြောင်း ဟားမတ်စ် တာဝန်ရှိသူတစ်ဦးက မတ်၇ရက်တွင် ဝန်ခံပြောကြားသည်။

ကြေညာချက်

ဂျေရုဆလမ်၌ ဖြစ်ပွားခဲ့သော ယင်းသတ်ဖြတ်မှုသည် မိမိတို့၏ လက်ချက်ပင်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့၏ ကြေညာချက်ကို အနောက်မီဒီယာများက ကိုးကားဖော်ပြသည်။

တပ်လှန့်ထား

အဆိုပါ အကြမ်းဖက်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် အစ္စရေးလုံခြုံရေးတပ်များက အစ္စရေးနိုင်ငံ တစ်ဝန်း လုံခြုံရေး တပ်လှန့်ထားရကြောင်း၊ အနောက်ဘက်ကမ်းမှ ပါလက်စတိုင်းဘက်သို့ ခရီးသွားလာခြင်းကိုလည်း တင်းကျပ်ထားရကြောင်း လုံခြုံရေးအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီပေါနိုင်ငံ၌ နေ့စဉ် ကလေး ၆ဝနှုန်းသေဆုံး

ခတ္တမန္ဒူ မတ် ၁၀

နီပေါနိုင်ငံ၌ မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးပြုစုစောင့်ရှောက်မှုအားနည်း၍ နေ့စဉ်ကလေး ၆၀နှင့် မိခင် ခြောက်ဦးနှုန်း သေဆုံးနေရကြောင်း စစ်တမ်းကောက်ယူလေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယင်းနိုင်ငံ၌ မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအားနည်းသဖြင့် နှစ်စဉ် မိခင်၂၅၀၀ ခန့်နှင့် ကလေး၂၂၀၀၀ခန့် သေဆုံးနေရကြောင်း ၎င်းစစ်တမ်း ကောက်ယူလေ့လာချက်ကို ဟိမဝန္တာတိုင်း(မ်) သတင်းစာက ရေးသားဖော်ပြသည်။

အဆိုပါ လေ့လာချက်အရ မိခင်ဦးရေ ၁၀၀၀၀၀ ရှိတိုင်း ၂၈၁ ဦးနှုန်း သေဆုံးနေရကြောင်း၊ ကလေး ၁၀၀၀ မွေးတိုင်း ၃၃ဦးသေဆုံးနေကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဥရောပ၏ အကြီးဆုံးကုန်တင် အာကာသယာဉ် ပြင်သစ်ဂီယာနာမှ နိုင်ငံတကာအာကာသစခန်းသို့လွှတ်တင်

ပြင်သစ်(ဂီယာနာ) မတ် ၁၀

နိုင်ငံတကာ အာကာသစခန်းအတွက် လိုအပ်သောပစ္စည်းများဖြည့်ဆည်းပေးရန် ဥရောပ၏ ကုန်တင် အာကာသယာဉ်တစ်စင်းကို မတ်၉ရက်က ပြင်သစ်ဂီယာနာမှ လွှတ်တင်ပေးလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ အာကာသယာဉ်သည် လူလိုက်ပါခြင်းမရှိဘဲ တန်ချိန် ၂၀ ရှိသည်။ ၎င်းကို ဂရင်းနစ်စံတော်ချိန် နံနက်၄နာရီ၃မိနစ်တွင် အေရီယန်-၅ ဒုံးပျံဖြင့် လွှတ်တင်လိုက်ခြင်းဖြစ်သည်။

ယင်းကုန်တင် အာကာသယာဉ်သည် မြေပြင်မှလွှတ်တင်လိုက်ပြီး ၆၆ မိနစ်အကြာ ကမ္ဘာပတ် လမ်းကြောင်းအတွင်း ရောက်ရှိသွားပြီး ဒုံးပျံမှ ခွဲထွက်သွားကြောင်း ဥရောပ အာကာသအေဂျင်စီက ပြောကြားသည်။

တည်ဆောက်

၎င်းအာကာသယာဉ်ကို အေတီဗီဟု အမည်ပေးထားသည်။ ယင်းအာကာသယာဉ်ကို ဥရောပအာကာသအေဂျင်စီက ၁၃နှစ်ကြာအောင် တည်ဆောက်ခဲ့ရသည်ဟု ဆိုသည်။

အေတီဗီသည် ဥရောပ၏ အကြီးဆုံး ကုန်တင်အာကာသယာဉ် ဖြစ်ပြီး နိုင်ငံတကာအာကာသစခန်းသို့ အလိုအလျောက်ဆင်းတက်နိုင်သည်။

ပြောကြား

ယင်းအာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်း(အိုင်အက်စ်အက်စ်)အတွက် လိုအပ်သော ပစ္စည်းအစိတ်အပိုင်းများ ပေးပို့ခြင်းဖြစ်ကြောင်း၊ အာကာသယာဉ်သည် ဧပြီ၃ရက်တွင် အိုင်အက်စ်အက်စ်နှင့် ချိတ်ဆက်မိမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီအကြီးအကဲ ဂျင်းဂျက်ရှီရက်စ် ဒေါ်ဒါရင်က ပြောကြားသည်။

ဆီဖြည့်ပေးမည့်ယာဉ်

၎င်းအာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)ကို အကြီးဆုံး ဆီဖြည့်ဆည်းပေးမည့် ယာဉ်ဖြစ်သကဲ့သို့ အိုင်အက်စ်အက်စ်မှ စွန့်ပစ်အညစ်အကြေးများကိုလည်း ဖယ်ရှားပေးမည့်ယာဉ် ဖြစ်သည်။

အေတီဗီ အာကာသယာဉ်ပေါ်တွင် အစားအစာများ၊ သောက်သုံးရေများ၊ လောင်စာဆီများ၊ စက်ပစ္စည်းများ သယ်ဆောင်သွားကြောင်း သိရသည်။ ထို့အပြင် ၁၉ရာစုခေတ်က ပြင်သစ်စာရေးဆရာတစ်ဦး၏ ကမ္ဘာမြေမှ လကမ္ဘာသို့ အမည်ရှိ စာအုပ်ကို လည်း သယ်ဆောင်သွားသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရေအောက် ငါးပြတိုက်သို့ လာရောက်ကြည့်ရှုနေသူများကို မတ်၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အနောက်ဘက်ကမ်းဒေသ၌ နေအိမ်သစ်အလုံး ၇၅၀ တည်ဆောက်ရန် အစ္စရေးဝန်ကြီးချုပ် အေဟွတ်အိုမတ် သဘောတူညီ

ဂျေရုဆလမ် မတ် ၁၀

အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက် နေထိုင်သူများအတွက် နေအိမ်သစ် အလုံး ၇၅၀ တည်ဆောက်ပေးမည့်အစီအစဉ်ကို အစ္စရေးဝန်ကြီးချုပ် အေဟွတ်အိုမတ်က သဘောတူညီလိုက်ပြီဖြစ်ကြောင်း မတ်၉ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ စီမံကိန်းကို ၁၉၉၉ ခုနှစ်က ပထမဆုံး အကောင်အထည်ဖော်ရန် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော်လည်း ပါလက်စတိုင်း အလုပ်သမားများက ဆက်လက် လုပ်ကိုင်ရန် ငြင်းဆိုခဲ့၍ နှစ်နှစ်အကြာ ရပ်ဆိုင်းလိုက်ရသည်ဟု ဆိုသည်။

ယင်းလူနေအိမ်များကိုဂျေရုဆလမ်က လိုလားသည့် ပုံစံများအတိုင်း တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း အစ္စရေး အိမ်ရာဝန်ကြီးက ပြောကြားသည်။

ယင်းသဘောတူညီချက်ကြောင့် ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ ငြိမ်းချမ်းရေး ဆွေးနွေးမှု တိုးတက်လာနိုင်ကြောင်း ပါလက်စတိုင်း ညှိနှိုင်းရေးမှူးက ပြောကြားသည်။

(အင်တာနက်)

ပေကျင်းမြို့ ပန်ကျိုယွန်ဈေး ငါးထပ် အဆောက်အအုံ



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပန်ကျိုယွန်ဈေး ငါးထပ်အဆောက်အအုံ ဆောက်လုပ်ဆဲ လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ချဒ်မိဘမဲ့ကလေးများအိမ်ပြန်ခွင့် အစိုးရကစီစဉ်ပေးလျက်ရှိ

အင်ဂျာမီနာ မတ် ၁၀

လူမှောင်ခိုကူးခံရသည့် ကလေးသူငယ် ၁၀၃ဦးတို့အား ချဒ်အစိုးရက ၎င်းတို့၏ မိဘဆွေမျိုး၊ မိသားစုများထံ ပြန်လည်ပူးပေါင်းခွင့် ပေးလိုက်ပြီဖြစ်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)က ကြေညာသည်။

တကယ့်အစစ်အမှန် အုပ်ထိန်းသူများဖြစ်ကြောင်း အသေအချာစိစစ်ပြီးမှ ချဒ်အရာရှိများက အိမ်ပြန်ခွင့်ပေးခြင်း ဖြစ်သည်။

ကလေးမှောင်ခိုမှုတွင် ပါဝင်သည့် ပြင်သစ်ထောက်ပံ့ရေးလုပ်သား ခြောက်ဦးတို့က ကလေးသူငယ်များသည် စစ်ဖြစ်နေသည့် ဒါဖာဒေသမှ မိဘမဲ့များဖြစ်သည်ဟု ပြောကြားသည်။ လောလောဆယ်တွင် ကလေးသူငယ်များကို ချဒ်နိုင်ငံ မိဘမဲ့ဂေဟာတွင် ထားရှိသည်။ ကလေးမှောင်ခိုမှုကြောင့် ချဒ်နိုင်ငံ၌ ပြင်သစ်ဆန့်ကျင်ရေး ဆန္ဒပြမှုများပင် ပေါ်ပေါက်ခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ခရူဆာဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲ

ဒေးဗစ်ဟေးက မက်ကရင်းအား ထိုးသတ်အနိုင်ယူ

လန်ဒန် မတ် ၁၀

ဒဗလျူဘီအို ခရူဆာဝိတ်တန်း ချန်ပီယံခါး ပတ်လုပွဲ လက်ဝှေ့ပြိုင်ပွဲကြီးကို မတ်၉ရက်က လန်ဒန်မြို့ အိုတူးအားကစားရုံကြီး၌ကျင်းပခဲ့ရာ ဒေးဗစ်ဟေး **(အပေါ်ဝဲပုံ)**က မက်ကရင်းနယ်လီအား ဒုတိယအချီတွင် အလဲထိုးပြီး ချန်ပီယံ ခါးပတ်ကို ရယူသွားသည်။

အဖွင့်ပွဲအချီတွင် ဒေးဗစ်ဟေးက မက်ကရင်းနယ်လီ၏ တရစပ် ထိုးနှက်ချက်များကို ခုခံကာကွယ်နေရသည်။

တွဲလက်သီး

ဒုတိယအချီတွင် ဒေးဗစ်ဟေး၏ တဖြောင်းဖြောင်းတအုန်းအုန်းထိုးနှက်သည့် တွဲလက်သီးများကြောင့် မက်ကရင်းနယ်လီ အထိနာသွားသည်။

လက်သီးချက်များ

လက်တံရှည်သော ဒေးဗစ်ဟေး၏ လက်သီးချက်များက မက်ကရင်း ကပ်ခွင့်မရဘဲ နောက်ဆုံးကြိုးဝိုင်း၏ ထောင့်ထဲသို့ ရောက်သွားစေပြီး ချောင်ပိတ်၍ ထိုးနှက်သလိုဖြစ်သွားသည်။ နောက်ဆုံးတွင် မက်ကရင်း ကြိုးပေါ်တွင် တန်းလန်းတင်နေသည်အထိ ဒေးဗစ်ဟေးက ဆက်တိုက် တွဲလုံးများထိုးခဲ့၍ ဒိုင်လူကြီးက ဒေးဗစ်ဟေးအား အနိုင်ပေးလိုက်ရသည်။

ချန်ပီယံခါးပတ်သုံးဆုရှင်

ဒေးဗစ်ဟေးသည် ယင်းပြိုင်ပွဲ အနိုင်ရလိုက်၍ ဒဗလျူဘီအို၊ ဒဗလျူဘီစီနှင့်ဒဗလျူဘီအေ ခရူဆာဝိတ်တန်း ချန်ပီယံခါးပတ် သုံးဆုရှင် ဖြစ်လာသည်။

(အင်တာနက်)

ဘန်ဂလိုအိုးပင်း ဆီရီနာဗိုလ်စွဲ

ဘန်ဂလို မတ် ၁၀

အိန္ဒိယနိုင်ငံ၌ ကျင်းပလျက်ရှိသော ဘန်ဂလိုအိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ နာမည်ကြီးတင်းနစ်မယ် ဆီရီနာဝီလျံက ဆွစ်ဇာလန်မှ တင်းနစ်မယ်ပတ်တီရှနိုင်ဒါအား ဆက်တိုက် အနိုင်ရပြီး ချန်ပီယံ ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ (အပေါ်ပုံ)

ဆီရီနာသည် အကြိုဗိုလ်လုပွဲတွင် အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံအား အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ဆီရီနာက ပတ်တီရှနိုင်ဒါအား၇-၅၊၆-၃ဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဒိုင်လူကြီးအား ဝေဖန်ခဲ့သည့် နည်းပြဖာဂူဆန်အား စုံစမ်းနေ

လန်ဒန် မတ် ၁၀

မန်ယူနည်းပြကြီး ဖာဂူဆန်သည် ပို့စ်မောက်အသင်းနှင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ကစားခဲ့စဉ် ဒိုင်လူကြီးအား ဝေဖန်ပြစ်တင်ပြောဆိုမှုဖြင့် အက်ဖ်အေက စုံစမ်းစစ်ဆေးလျက်ရှိသည်။

စုံစမ်းစစ်ဆေး

ယင်းပြိုင်ပွဲ ပထမပိုင်းတွင် စီရိနယ်ဒို ဘောလုံးပြေဆွဲယူလာစဉ် ပို့စ်မောက်ကစားသမား ဒီစ်စတင်းက ပြေးလမ်း ပိတ်ဆို့ထားခဲ့သည်။ ယင်းအတွက် ပယ်နယ်တီ ရသင့်ကြောင်း ဖာဂူဆန်က ကွင်းလယ်ဒိုင်လူကြီး မာတင်အက်ကင်ဆွန်အား ဝေဖန်ပြစ်တင်ခဲ့သည်။ ဒိုင်လူကြီးအက်ကင်ဆွန်၏အပြုအမူဆိုးဖြတ်ချက်သည် လက်ခံနိုင်ဖွယ်မရှိကြောင်း ဖာဂူဆန်က ဝေဖန်ပြစ်တင်လိုက်သည်။ ထိုသို့ပြောဆိုခဲ့ခြင်းအတွက် နည်းပြ ဖာဂူဆန်သည် အက်ဖ်အေက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အပိတ်ခံရဖွယ်

အကယ်၍ အရေးယူခံရလျှင် နည်းပြဖာဂူဆန်သည် တစ်ပွဲအပိတ်ခံ ရဖွယ်ရှိသည်။ **(အင်တာနက်)**

မြင့်မောင်စိုး ခုစည်းသည်

ချယ်လ်ဆီးနည်းပြ ရှာပုံတော်ဖွင့်နေ

လန်ဒန် မတ် ၁၀

အက်ဖ်အေဖလား ကွာတားဖိုင်နယ်မှာ ဘန်စလေအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးပြီး အက်ဖ်အေဖလားကို စွန့်လွှတ်ခဲ့ရတဲ့အတွက် ချယ်လ်ဆီးအသင်း ပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်ဟာ နည်းပြဂရန့်အပေါ် စိတ်ပျက်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီနှစ်ဘောလုံးရာသီမှာ ကာလင်းဖလားကို ပထမဆုံး လက်လွှတ်ခဲ့ရပြီးကတည်းက အေဗရာမိုဗစ်ချ်ဟာ နည်းပြဂရန့်အပေါ် ဘဝင်မကျဖြစ်နေခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်း ဖလားတစ်လုံးမှ မရရှိခဲ့ရင်တော့ မိမိအနေနဲ့ အသင်းရဲ့အောင်မြင်မှုအတွက် အပြောင်းအလဲတွေ ပြုလုပ်ရတော့မယ်လို့ အေဗရာမိုဗစ်ချ်က မတ်၉ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ပါတယ်။

မယုံနိုင်

နည်းပြဂရန့် လက်ထက်မှာ ချယ်လ်ဆီးဟာ ပြိုင်ဘက်အသင်းတွေကို ခြိမ်းခြောက်နိုင်တဲ့ ခြေစွမ်းမျိုးဖြစ်လာအောင် အရောင်မတင်ပေးနိုင်ဘူးလို့ အေဗရာမိုဗစ်ချ်က သုံးသပ်နေပါတယ်။ လက်ရှိ အနေအထားမှာ ချယ်လ်ဆီးဟာ လက်ကျန်ဖြစ်နေတဲ့ ပရီမီယာလိဂ်ဖလားကိုလည်း ရယူဖို့ သိပ်မလွယ်ပါဘူး။ အသင်းလိုက်ရပ်တည်မှု အနေအထားမှာ တတိယနေရာမှာရှိနေပေမယ့် ထိပ်ဆုံးနေရာက အာကြီးနဲ့ အမှတ်ကွာနေတဲ့အပြင် ခြေစွမ်းကလည်း အာကြီးနဲ့မန်ယူတို့ကို မယှဉ်နိုင်ဘူး ဖြစ်နေပါတယ်။

အနာဂတ် ဝေဝါးနေသော နည်းပြ ဂရန့်

ကြိုတင်တွက်ဆ

အသင်းရဲ့ စည်းလုံးမှုအင်အားကို ကြည့်ရင်ပဲဖြစ်ဖြစ်၊ ဘောလုံးသမားတစ်ဦးချင်းရဲ့ စိတ်ပိုင်းဆိုင်ရာကို ကြည့်ရင်ပဲဖြစ်ဖြစ် ကျေနပ်အားရစရာတော့ မကောင်းပါဘူး။ ချယ်လ်ဆီးအသင်းရဲ့ လက်ရှိခြေစွမ်းနဲ့တော့ ဒီနှစ်မှာ ဖလားတစ်လုံးမှရမယ့် အနေအထားမရှိတာကို အေဗရာမိုဗစ်ချ် ကြိုတင်တွက်ဆထားတာမို့ အခုဆိုရင် ချယ်လ်ဆီး နည်းပြသစ်ကို ရှာပုံတော်ဖွင့်နေပြီလို့ ဆိုပါတယ်။

အေဗရာမိုဗစ်ချ်ကတော့ လာမယ့်ဘောလုံးရာသီမှာ ဘာစီလိုနာက ထွက်ခွာတော့မယ့် နည်းပြဖရန့်ရီကတ်ကို ဂရန့်နေရာမှာ အစားထိုးဖို့ ချဉ်းကပ်ဆွေးနွေးနေပြီ ဖြစ်တယ်လို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ တကယ်တော့ ရီကတ်ကို မိုဗစ်ချ်က မော်ရင်ဟိုထွက်သွားခဲ့စဉ်ကတည်းက ခေါ်ယူနိုင်ဖို့ကြိုးစားခဲ့ပေမယ့် အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။ အခုတော့ ရီကတ်ကလည်း ဒီနှစ်ရာသီကုန်မှာ ဘာစီလိုနာက ထွက်ခွာတော့မယ်လို့ သတင်းတွေ ထွက်ပေါ်လာတာမို့ အေဗရာမိုဗစ်ချ် လက်ဦးမှုရအောင် ဆွေးနွေးနေခြင်းပဲဖြစ်ပါတယ်။

လက်ရှိနည်းပြဂရန့်ရဲ့ ချယ်လ်ဆီးအသင်း အနေအထားဟာ ပရီမီယာလိဂ်ပွဲတိုင်း ရုန်းကန်နေရပါတယ်။ ချယ်လ်ဆီးရဲ့ ဒီနှစ် ပရီမီယာလိဂ်လက်ကျန်ပွဲတွေကိုကြည့်ရင် မတ်၁၉ရက်မှာ စပါးကွင်းမှာ သွားကစားရမယ့်ပွဲကလည်း သိပ်တော့မလွယ်ပါဘူး။ ဒါ့အပြင် မတ်၂၂ရက်မှာ အိမ်ကွင်း အာကြီးနဲ့ ယှဉ်ပြိုင်ရဦးမယ်။ ဒီပွဲလည်း မချောင်ပါဘူး။

နောက်ပြီး ဧပြီ ၅ရက်မှာ မန်စီးတီးကွင်းမှာ သွားကစားရမယ့် ပွဲစဉ်ကလည်း အကြိတ်အနယ် နွှဲရမယ့်ပွဲဖြစ်သလို ဧပြီ ၁၉ရက်မှာ အဲဗာတန်ကွင်း သွားကစားရမယ့် ပွဲကလည်း ဂရန့်အတွက် မလွယ်လှပါဘူး။ နောက်ဆုံး ပွဲစဉ်(၃၆)ကတော့ ချယ်လ်ဆီးနဲ့မန်ယူတို့ ပွဲဖြစ်ပါတယ်။

ဒီပွဲဟာ ဒီနှစ်ပရီမီယာလိဂ်မှာ အရေးပါတဲ့ပွဲဖြစ်သလို ဖလားရရေးအတွက်အဓိကကျတဲ့ပွဲဖြစ်နေပါတယ်။

ဒါကြောင့် ကျန်တဲ့ ငါးပွဲစလုံးဟာ ချယ်လ်ဆီးတို့ ပွဲတိုင်းအနိုင်ရဖို့ မလွယ်ပါဘူး။ ဒါကြောင့်လည်း အေဗရာမိုဗစ်ချ်က နည်းပြရှာပုံတော် ဖွင့်နေခြင်းပဲဖြစ်ပါတယ်။ ဒီလိုချယ်လ်ဆီးနည်းပြ ရှာဖွေနေတာကို ဂရန့်သိနေပေမယ့် အေဗရာမိုဗစ်ချ်နဲ့ဂရန့်တို့ရဲ့ ဆက်ဆံရေးကတော့ ပုံမှန်အတိုင်း ရှိနေပါတယ်။ ဒါကြောင့် ဒီနှစ်ရာသီကုန်မှာတော့ချယ်လ်ဆီးနည်းပြအသစ်အဖြစ် ဘယ်သူ ရောက်ရှိလာမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ဘာစီလိုနာနည်းပြ ရီကတ်

မောင်မောင်မြင့်ဆွေ

ရုရှားတုတ်ထောက်ခုန်မယ် ရွှေတံဆိပ်ဆွတ်ခူး

ဗလင်စီယာ မတ် ၁၀

စပိန်နိုင်ငံ ဗလင်စီယာမြို့၌ ကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ရုရှားမှ ကမ္ဘာ့တုတ်ထောက်ခုန် ချန်ပီယံ အစ်ဆင်ဘာရီဗာသည် အမျိုးသမီးပြိုင်ပွဲ၌ အမြင့် ၄ဒသမ၆၅မီတာနှင့် အမြင့် ၄ ဒသမ ၇၅မီတာခုန်နိုင်ခဲ့ပြီး ချန်ပီယံ ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

ကျူးဘား ပြေးခုန်ပစ်မယ် ရာဂျီလစ်ဆာဗင်နီက ၁၅ဒသမ၀၅ မီတာခုန်ကာ ချန်ပီယံ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အလျားခုန်ပြိုင်ပွဲတွင် တောင်အာဖရိကမှ မိုကိုနာက ၈ဒသမ၀၆ မီတာခုန်ပြီးချန်ပီယံဖြစ်လာသည်။ အမျိုးသားမီတာ ၆၀တန်းကျော်ပြေးပွဲတွင် တရုတ်မှ ရှုကျန်းက ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အချိန်မတန်ဘဲ ကြွေလွင့်သွားရှာလေသူ ...

အေသင်မြို့သည် ဂရိနိုင်ငံ၏ မြို့တော်ဖြစ်ပြီး နိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိကာ လူဦးရေတစ်သန်းနီးပါးနေထိုင်သည့် မြို့ကြီးတစ်မြို့ဖြစ်သည်။ အေသင်မြို့တွင် ကာဆန်အကြံပေးကုမ္ပဏီကြီး၏ ပိုင်ရှင်ဘော့ဘ်ကာဆန်အမည်ရှိ လူချမ်းသာကြီးတစ်ဦး နေထိုင်သည်။ ဘော့ဘ်ကာဆန်နှင့်ဇနီးတွင် ရှုမငြီးသော အီဗီမာရီကာဆန် **(ယာပုံ)**အမည်ရှိ တစ်ဦးတည်းသော သမီးလေးရှိသည်။

လိမ္မာရေးခြားရှိ

အီဗီမာရီသည် တစ်ဦးတည်းသောသမီး ဖြစ်သော်လည်း မိဘများအပေါ် ဆိုးနွဲ့ခြင်းမရှိဘဲ လိမ္မာရေးခြားရှိလှသော သမီးဖြစ်သည်။ ထို့ကြောင့် မိဘနှစ်ပါးက အီဗီမာရီကို မိဘတို့၏ ထုံးစံအတိုင်း ငုံထားမတတ် ချစ်ကြလေသည်။ အီဗီမာရီသည် အရွယ်ရောက်လာသောအခါ အေသင်မြို့ရှိ ကလာကီဗဟို အထက်တန်းကျောင်းတွင် ပညာရည်နို့ သောက်စို့ခဲ့သည်။ ချောမောလှပပြီး လိမ္မာရေးခြားရှိကာ စာတော်သူဖြစ်သဖြင့် သူမနေထိုင်ရာ အထက်တန်းကျောင်းတွင် ပေါ်လွင်ထင်ရှားသူ ဖြစ်သည်။

အီဗီမာရီသည် ဖော်ရွေပွင့်လင်းသူတစ်ဦးဖြစ်ပြီး မိတ်ဆွေအပေါင်းအသင်းများ၊ အကူအညီလိုအပ်နေသူများအပေါ် စေတနာထက်သန်စွာ ရက်ရောစွာ ကူညီတတ်သူဖြစ်သည်။ လူမှုရေးသိတတ်လွန်းသည့် အီဗီမာရီကို သူ၏ ပတ်ဝန်းကျင်ရှိ လူတိုင်းက ချစ်ခင်လေးစားကြသည်။ သူမ၏ နှစ်လိုဖွယ်ရာ ဆောင်ရွက်ချက်များကြောင့်လည်း ထိုကဲ့သို့ လူချစ်လူခင်ပေါ်များခြင်းဖြစ်သည်။

အီဗီမာရီသည် ၂၀၀၄ခုနှစ် အသက်၁၈နှစ်အရွယ်တွင် အေသင်မြို့ရှိ ကလာကီဗဟိုအထက်တန်းကျောင်းတွင် အထက်တန်းပညာသင်ယူမှု ပြီးဆုံးခဲ့သည်။ ထိုနှစ်တွင်ပင် ယင်းအထက်တန်းကျောင်းတွင် ကိုယ်ကာယအလှမယ်ဆုကို ရရှိခဲ့ခြင်းက သူ့အားလူတိုင်းက အမှတ်တရဖြစ်စေခဲ့သည်။

ဖခင်ဖြစ်သူ ဘော့ဘ်ကာဆန်သည် လိမ္မာရေးခြားရှိပြီး ပညာထူးချွန်ထက်မြက်သောသမီး အီဗီမာရီကာဆန်အား အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်သို့ ဆက်လက်တက်ရောက်စေခဲ့သည်။ အီဗီမာရီသည် ယင်းတက္ကသိုလ်၌ ကာယအလှမယ်ဆုကို ရရှိခဲ့ပြန်ရာ လူသိများထင်ရှားသည့် တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်လာသည်။ အီဗီမာရီသည် တက္ကသိုလ်တက်ရောက်နေစဉ်အတွင်း ယင်းတက္ကသိုလ်၏ စီစဉ်မှုဖြင့် ကျူးဘားတွင် ပညာသင်ကြားပြီး အီကွေဒေါ၊ အီဂျစ်နှင့် ဂါနာနိုင်ငံများတွင် နွေရာသီစေတနာ့ဝန်ထမ်းလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ကူညီလုပ်ဆောင်ခဲ့သည်။

အဖြစ်ဆိုးနှင့်ရင်ဆိုင်

အီဗီမာရီအဖို့ ငွေကြေးလုံလောက်စွာဖြင့် ပညာရေးကို စိတ်အေးချမ်းသာစွာ သင်ကြားနေခဲ့ရာမှ မမျှော်လင့်သောတစ်နေ့တွင် ကမ္ဘာလောကကြီးမှ ထာဝရကျောခိုင်းထွက်ခွာသွားခဲ့ရသည့် အဖြစ်ဆိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ၂၀၀၈ခုနှစ် မတ် ၅ ရက် နံနက်၅နာရီခန့်တွင် မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်မှ တစ်မိုင်ခန့် အကွာ လမ်းဆုံတစ်ခု၌ အီဗီမာရီအား ဦးခေါင်းအပါအဝင် သေနတ်ဒဏ်ရာ များစွာဖြင့်သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ နောက်တစ်နေ့ဖြစ်သည့် မတ် ၆ ရက်တွင် အီဗီမာရီကိုယ်တိုင် မောင်းနှင်စီးနင်းလေ့ရှိသည့် တိုယိုတာ ၂၀၀၅ အပြာရောင်ဟိုက်လင်ဒါကားကို သူမ၏ အလောင်း တွေ့ရှိရာအရပ်မှ တစ်မိုင်အကွာတွင် ထပ်မံတွေ့ရှိခဲ့သည်။ သူမ သေဆုံးမှုနှင့်ပတ်သက်၍ ကျောင်းသားထောင်ပေါင်းများစွာ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ကြ သကဲ့သို့ မိဘနှစ်ပါးမှာ ယူကျုံးမရ ဖြစ်ခဲ့ကြရသည်။

ဖမ်းဆီးနိုင်ရေး

အီဗီမာရီ၏အလောင်းကို စစ်ဆေးရာတွင် အဓမ္မပြုကျင့်ခံခဲ့ရသည့် လက္ခဏာများကို မတွေ့ခဲ့ရပေ။ သို့သော်လည်း အီဗီမာရီစီးနင်းသည့်ကားရှိ အေတီအမ် ဓာတ်ပုံမှတ်တမ်းတင် ကင်မရာက ပြစ်မှုကျူးလွန်သူအား မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးထားခဲ့သည်။ ယင်းပုံများအရ ပြစ်မှုကျူးလွန်သူမှာ ဘေ့စ်ဘောကစားရာတွင် အသုံးပြုသည့် ကက်ဦးထုပ်ကို ဆောင်းထားပြီး ခေါင်းစွပ်ဂျာကင်အင်္ကျီဖြင့် မျက်နှာကို အနည်းငယ် အကာအကွယ်ယူထားသည်။ လူသတ်သမားသည် ကာဆန်၏ ငွေထုတ်ကတ်ပြားကို ယူဆောင်သွားသဖြင့် ထိုကတ်ပြားကို အသုံးပြုသည့်နေ့တွင် ၎င်းအား ခြေရာခံဖမ်းဆီးနိုင်မည်ဖြစ်သည်။ မှတ်တမ်းတင်ကင်မရာမှ ရိုက်ယူထားသည့်ပုံများကိုလည်း သက်ဆိုင်ရာဌာနများသို့ဖြန့်ဝေပြီး လူသတ်သမားကို ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ထားခဲ့သည်။

ယခုဖြစ်ရပ်တွင် လူသတ်မှုကျူးလွန်သူသည် ခရီးသွားဟန်လွှဲ ပိရိစွာ ပြစ်မှုကျူးလွန်ခဲ့သော်လည်း သဲလွန်စကြောင့် မကြာမီအဖမ်းခံရမည်ဖြစ်ပြီး ၎င်းကျူးလွန်ခဲ့သော ပြစ်မှုအတွက်ပေးဆပ်ရပေတော့မည်။ ထို့အပြင် အမျိုးသမီးတစ်ဦးအနေဖြင့် အချိန်မတော်သွားလာမိလျှင် အန္တရာယ်ရှိသည်ကို သတိချပ်သင့်ကြောင်း အီဗီမာရီ၏ ဖြစ်ရပ်အား သင်ခန်းစာယူဖွယ်ရာ မှုခင်းဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

✻ *ကျောဖုံးမှ*

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီအား ခရီးစဉ်နှင့်စပ်လျဉ်း၍ ပြန်လည် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ပြန်လည်ရှင်းလင်းပြောကြားချက်များ

အဆွေတော်အနေနဲ့ ကျွန်တော်တို့နိုင်ငံကို လာရောက်ရာမှာ နယူးယောက်မှ စင်ကာပူ၊ စင်ကာပူမှ ရန်ကုန်အထိ ခရီးနှစ်ဆင့်ကို အချိန်ပေါင်းများစွာပေးပြီး ပင်ပန်းကြီးစွာ လာရောက်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မှာလည်း ငါးရက်တာကာလအတွင်း ခရီးစဉ် Schedule များ ဆက်တိုက်ဆိုသလိုဖြစ်ခဲ့ပြီး နားချိန်မရှိလောက်အောင်ဖြစ်ခဲ့တဲ့ အတွက် အဆွေတော်အနေနဲ့ လွန်စွာပင်ပန်းလိမ့်မယ်လို့လည်း နားလည်စာနာမိပါတယ်။ အခုလို ကျွန်တော်တို့ဆီကို အချိန်ပေး၊ အပင်ပန်းခံလာရောက်ပြီး ဆောင်ရွက်ပေးခဲ့တဲ့အတွက် အဆွေတော်တို့ကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

စီမံဆောင်ရွက်ပေး

ကျွန်တော်တို့အနေနဲ့ကတော့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အခန်းကဏ္ဍကို အလေးထားသောအားဖြင့် လည်းကောင်း၊ အဆွေတော်ရဲ့ အပင်ပန်းခံလာရောက်ပြီး ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများအပေါ် ပူးပေါင်းဆောင်ရွက် လိုသည့် သဘောထားကို ပြသသောအားဖြင့်လည်းကောင်း၊ အဆွေတော်ရဲ့ ခရီးစဉ်တိုင်းမှာ တတ်နိုင်သမျှ လိုက်လျော ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခင်ခရီးစဉ်များတုန်းက အဆွေတော်ရဲ့ အကြံပြုချက်များအပေါ် အပြုသဘောဆောင်ပြီး လိုက်လျောဆောင်ရွက်ပေးမှုများရှိခဲ့သလို ယခုအခေါက်မှာလည်း ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက် ပေးခဲ့ပါတယ်။ မူလက အဆွေတော်ရဲ့ခရီးစဉ်ကို မြန်မာနိုင်ငံမှာ လေးရက်စီစဉ်ထားခဲ့ပေမယ့် အဆွေတော်ရဲ့ မေတ္တာ ရပ်ခံချက်အရ တစ်ရက်ထပ်တိုးပြီး ငါးရက်ခရီးစဉ်အဖြစ် လိုက်လျောစီစဉ်ပေးခဲ့ပါတယ်။ အဆွေတော် တွေ့ဆုံလိုတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုလည်း တတ်နိုင်သမျှ စုံစုံညီညီ တွေ့ဆုံခွင့်ရအောင် စီမံဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ယုံကြည်မိ

ဒီလို ကျွန်တော်တို့ဘက်က အလေးထား ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် အဆွေတော်အနေနဲ့ ဒီတစ်ခေါက် မြန်မာနိုင်ငံခရီးစဉ်မှာ ကျွန်တော်တို့ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့အပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့၊ သံတမန်အဖွဲ့များ၊ ကုလသမဂ္ဂ ဌာနေ ကိုယ်စားလှယ်အဖွဲ့များ၊ ICRC ကိုယ်စားလှယ်များ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အခြားသော NLD CEC၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ကြိမ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် စတဲ့ တွေ့သင့်တွေ့ထိုက်တဲ့ပုဂ္ဂိုလ်များ၊ အသင်း အဖွဲ့များ၊ ပါတီများ စုံစုံညီညီ တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေ၊ မြန်မာပြည်သူအများစုရဲ့ ဆန္ဒသဘောထားတွေ၊ တိုင်းရင်းသား နိုင်ငံရေးပါတီအပါအဝင် အခြားသော နိုင်ငံရေးပါတီများရဲ့ သဘောထားရပ်တည်ချက်တွေကို ကောင်းစွာ သိရှိနားလည်သဘောပေါက်ပြီးဖြစ်လိမ့် မယ်လို့ ယုံကြည်မိပါတယ်။

ဒါလောက်ဆိုရင် ယနေ့အစိုးရရဲ့ ကြိုးပမ်းဖော်ဆောင်နေမှုများအားလုံးဟာ မြန်မာပြည်သူအများစုရဲ့ ဆန္ဒသဘောထား လိုလားချက်တွေနဲ့အညီ ဘက်စုံထောင့်စုံက စနစ်တကျအကောင်အထည်ဖော်ပေးနေခြင်းသာ ဖြစ်တယ်ဆိုတာကို အဆွေတော် လေ့လာအကဲဖြတ်လို့ ရလောက်ပြီလို့ ယူဆပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီရဲ့အနှစ်သာရနဲ့အညီ အများစုရဲ့ ဆန္ဒလိုလားချက်တွေကို ဖြည့်ဆည်းဖော်ဆောင်ပေးနေပေမယ့် အနည်းစုရဲ့ ဆန္ဒသဘောထားတွေကိုလည်း လုံးဝပစ်ပယ်ထားတာ မဟုတ်ပါဘူး။ ဒီမိုကရေစီသဘောအနှစ်သာရနဲ့အညီ အနည်းစုအနေနဲ့လည်း အမျိုးသားရေးလုပ်ငန်းစဉ်မှာ ပါဝင်နိုင်အောင် အခွင့်အလမ်းများ ဖွင့်ပေးထားပြီးဖြစ်ပါတယ်။

သုံးသပ်တွေ့ရှိနိုင်

အဆွေတော် သိပြီးဖြစ်တဲ့အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၄)ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ပြည်သူ့ဆန္ဒ ရယူအတည်ပြုခြင်းကို လာမယ့်မေလအတွင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီဆန္ဒခံယူပွဲမှာ အစိုးရကို ထောက်ခံသူရော၊ ဆန့်ကျင်သူများပါ ဥပဒေနဲ့အညီ လွတ်လပ်စွာမဲပေးခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးတဲ့အချိန်မှာလည်း ယနေ့ ထောက်ခံနေသူများရော၊ ဆန့်ကျင်နေသူများပါ သင့်လျော်တဲ့အချိန်မှာ ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ ပါတီများထူထောင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်၊ ရွေးကောက်ပွဲဝင်ခွင့်များ ရရှိကြမှာပဲ ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ လူထုဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီ ဆိုရင် ကျန်အဆင့်(၆)နဲ့ အဆင့်(၇)ဖြစ်တဲ့ လွှတ်တော်များမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရမှာဖြစ်သလို လွှတ်တော်အတွင်း နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအားလုံးကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခွင့် မလွဲမသွေရရှိလာကြမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကိုကြည့်ရင် ကျွန်တော်တို့အနေနဲ့ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်မှာ All Inclusive ဖြစ်အောင် စီမံပေးထားသလို ယနေ့ ကျွန်တော်တို့ကို ဆန့်ကျင်နေသူများအတွက်လည်း Win-Win Situation အခြေအနေကို ရွေးချယ်ခွင့် ဖန်တီးလမ်းဖွင့်ပေးထားတယ်ဆိုတာကိုလည်း ထင်ရှားစွာ သုံးသပ် တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

မျှော်လင့်

ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ယနေ့ ကျွန်တော်တို့ ဦးတည်လျှောက်လှမ်းနေတဲ့ လမ်းကြောင်းသည်သာလျှင် ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူအတွက် အသင့်မြတ်ဆုံး၊ အမှန်ကန်ဆုံးလမ်းကြောင်းဖြစ်သလို နိုင်ငံ အေးချမ်း တည်ငြိမ်စွာနဲ့ ဒီမိုကရေစီစနစ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းလည်းဖြစ် တယ်လို့ အခိုင်အမာယုံကြည်ထားပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့လည်း ဒီလမ်းကြောင်းမှန်ပေါ်မှာ မြန်မာပြည်သူ အားလုံး အောင်မြင်ချောမောစွာ ပန်းတိုင်အရောက် လှမ်းလျှောက်ချီတက်နိုင်ရေးအတွက် ကျွန်တော်တို့နဲ့အတူ ပူးပေါင်း ကူညီဆောင်ရွက်ပေးဖို့ မျှော်လင့်ပါတယ်။

အဲဒီလိုသာ အဆွေတော်တို့ရဲ့ ပူးပေါင်းပံ့ပိုးထောက်ကူမှုကို ရရှိမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂက လိုလားတဲ့၊ နိုင်ငံတကာက လိုလားတဲ့၊ မြန်မာပြည်သူအားလုံးက လိုလားတဲ့၊ ဆန့်ကျင်ဘက်အဖွဲ့များကရော ကျွန်တော် တို့ကပါ လိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော် တည်ဆောက်နိုင်မှာပဲ ဖြစ်ပါတယ်။ အဲဒီအခါမှာ မြန်မာပြည်သူများအားလုံး ဒီမိုကရေစီနည်းလမ်းတကျ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်း ဆောင်ရွက်နိုင်တဲ့ အဆင့်မျိုးကို အမြန်ဆုံးရောက်လာမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပူးပေါင်းဆောင်ရွက်

၇-၃-၂၀၀၈ ရက်နေ့ တွေ့ဆုံမှုမှာ ကျွန်တော်တို့ဘက်ကလည်း ကျွန်တော်တို့၏အမြင်နှင့် ရပ်တည်ချက်များကို ပွင့်ပွင့်လင်းလင်း မခြွင်းမချန် ရှင်းလင်းဆွေးနွေးချပြခဲ့ပြီးဖြစ်သကဲ့သို့ အဆွေတော်ဘက်ကလည်း ကုလသမဂ္ဂနှင့် အဆွေတော်၏ ဆန္ဒသဘောထားများကို ပွင့်လင်းစွာပင် ပြန်လည်ဆွေးနွေး ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ အပြုသဘော ဆောင်သော အဆွေတော်၏ အကြံပြုချက်များအတွက်လည်း ကျေးဇူးအထူးတင်ပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်း ရေးမှူးချုပ်ရုံး၏ အခန်းကဏ္ဍကို တစ်ကမ္ဘာလုံးက ကြိုဆိုထောက်ခံလျက်ရှိသလို ကျွန်တော်တို့နိုင်ငံကလည်း အမြဲအသိ အမှတ်ပြုကာ အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

သုံးသပ်ဆွေးနွေး

နိဂုံးချုပ်အနေနဲ့ အဆွေတော်နဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ ပွင့်လင်းရင်းနှီးစွာ ရှင်းလင်းဆွေးနွေးမှုများမှနေ၍ နှစ်ဦးနှစ်ဖက်စလုံးရဲ့ ဘုံလိုလားချက်ဖြစ်တဲ့ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအတွက် အောင်မြင်တဲ့ရလဒ်ကောင်းများ ရရှိနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ အပြန်ခရီးစဉ်မှာလည်း သွားလမ်းသာလို့ ပြန်လမ်းဖြောင့်ပါစေဆိုတဲ့ မြန်မာ့ထုံးစံ ဆုတောင်းစကားနဲ့အညီ အစစ အဆင်ပြေချောမွေ့ပါစေကြောင်း မြန်မာပြည်သူအားလုံးက ဆန္ဒပြုလိုက်ပါတယ်။ ဒါ့အပြင် အဆွေတော်တို့ဌာနေကို ပြန်ရောက်တဲ့အခါမှာလည်း ယခု တစ်ခေါက် ခရီးစဉ်နဲ့ပတ်သက်လို့ အဆွေတော်ရဲ့ အပြုသဘောဆောင်တဲ့ သုံးသပ်ဆွေးနွေးတင်ပြမှုများကို ကြားနာခွင့် ရဖို့ မျှော်လင့်လျက်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

တွေ့ဆုံဆွေးနွေးအပြီးတွင် လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံရာ နှစ်ဖက် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ပြောဆို ကြပြီး တွေ့ဆုံပွဲကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းလိုက်သည်။

ပြန်လည်ထွက်ခွာ

ထို့အတူ မစ္စတာဂမ်ဘာရီသည် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများနှင့် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် လည်း ကောင်း စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ ထပ်မံတွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကနယ်လှည့်စာကြည့်တိုက်၊ နံ့ရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၁၅ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၆) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ပညာအလင်းတန်းစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရခိုင် ပြည်နယ်မှ ဆရာတော်ကြီးများနှင့် ပြည်တွင်းပြည်ပမှ ရခိုင်နွယ်ဖွား၊ ရခိုင်ဇာတိဆရာတော်ကြီး ၁၉ ပါးတို့အား ဂုဏာဝိသိဋ္ဌ ပူဇာမင်္ဂလာပွဲနှင့် သာသနာ့နုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ ရခိုင်နွယ်ဖွား လူပုဂ္ဂိုလ် ငါးဦးတို့အား ချီးကျူးဂုဏ်ပြုပွဲကို ရခိုင် ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့က ကြီးမှူး၍ ရန်ကုန်မြို့ရှိ ရခိုင်ပြည်နယ် မြို့နယ်လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ရခိုင် ဒါယကာ ဒါယိကာမများက စုပေါင်း၍ အာဇာနည်ဗိမာန်လမ်း ရွှေတိဂုံဘုရားအရှေ့မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ တပေါင်းလပြည့်ကျော် ၁ ရက် (မတ် ၂၂ ရက်၊ စနေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ပွဲတွင် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း ဖုန်း-၀၉-၈၀-၃၄၉၆၃၊ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင် ဖုန်း-၀၉-၉၉-၂၄၃၆၃၊ အထွေထွေအတွင်းရေးမှူး ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဘဏ္ဍာရေးမှူး ဦးစောသိန်း ဖုန်း- ၀၉-၅၀-၀၁၃၀၁၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းမောင် ဖုန်း-၀၉-၅၁-၆၇၂၃၁ နှင့် ရခိုင်ပြည်နယ်ဓမ္မာရုံ ဖုန်း-၃၇၅၇၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများအား အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

၂၀၀၈ ခုနှစ် စတုတ္ထအကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံး နည်းပြများအား အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ တပ်မတော်(အငြိမ်းစား) ဘောလုံး နည်းပြများနှင့် တပ်မတော် ဘောလုံးသမားဟောင်းများအနေဖြင့် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းပူဇော်လိုသူ များသည် ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၈၀-၃၀၂၉၀၊ ဗိုလ်မှူးတင့်ဇော် ဖုန်း-၆၂၅၂၀၀၊ ဒုတိယအရာခံဗိုလ်လှမြင့် ဖုန်း-၆၃၅၆၃၈ နှင့် ဒုတိယ အရာခံဗိုလ်အေးကြူ ဖုန်း-၀၉-၂၀-၂၈၈၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၃-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၇။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၆:၄၅	၄။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ ခုနှစ်)
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၀၅	၆။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၁၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၇:၅၀	၈။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ် -- ချစ်တယ်** (အပိုင်း-၇)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျှဉ်းပြိုင်** (အပိုင်း-၁၁)

လူငယ်မျက်ရှု(ဗုဒ္ဓဘာသာယဉ်ကျေးမှု နွေရာသီ)သင်တန်း

ရန်ကုန် မတ် ၁၀

မင်္ဂလာတရားအခြေခံသော ကိုယ်ကျင့်တရားဖြင့် ဘဝကိုတည်ဆောက်နိုင် သူများဖြစ်ရန် ရည်ရွယ်၍ လူငယ်မျက်ရှု (ဗုဒ္ဓဘာသာယဉ်ကျေးမှု နွေရာသီ) သင်တန်းကို မတ် ၂၂ ရက်မှ ၃၀ ရက်အထိ နံနက် ၈ နာရီမှ ၁၁ နာရီခွဲအတွင်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ရှင်သာမဏေဗိမာန်၌ ဖွင့်လှစ်သင်ကြား မည်ဖြစ်သည်။ ပထမတန်းဖြေဆိုပြီး ကျောင်းသား ကျောင်းသူများမှစ၍ တက္ကသိုလ် ဝင်တန်း ဖြေဆိုပြီးသူများ သင်တန်းတက်ရောက်နိုင်သည်။ သင်တန်းအပ်လိုသူ မိဘများသည် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၃၈၇၃၆၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်း စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်သစ်တည်ဆောက်ရေး မူ၀ါဒလမ်းစဉ်(၇)ရပ်မှတစ်ပါး အခြားမရှိ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်
နိုင်ငံတော်နှင့်ပြည်သူများအကျိုးအတွက် ကျရာကဏ္ဍက တိုးမြှင့်ကြိုးပမ်း

အမှာစကား ပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၄)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း၌ ကျင်းပသည်။

ဘ၀ပေးအသိ

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်သူအားလုံး၏ ဆန္ဒသည် ဖွံ့ဖြိုးတိုးတက်မှုကို ရယူခံစားလိုကြခြင်း ဖြစ်ကြောင်း၊ တည်ငြိမ် အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်မည်ဆိုသည်ကိုလည်း ပြည်သူအားလုံး ဘ၀ပေး အသိအရ ယုံကြည်ကြပြီးဖြစ်ကြောင်း။

မိမိတို့ပြည်သူများ၏ လိုလားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်ကို ခိုင်မာစွာချမှတ်ဆောင်ရွက်ကြရစမြဲဖြစ်ကြောင်း၊ **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်ရေး"**သည် မိမိတို့ အားလုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း။

ကိုယ်တိုင်ချမှတ်

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားရေး ပန်းတိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာ၌ နိုင်ငံတော်၏ သမိုင်းကြောင်းနောက်ခံ၊ ပထ၀ီဝင် အနေအထား၊ ပကတိ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ ထပ်တူထပ်မျှ မရှိကြသည့်အတွက် မိမိတို့၏ အမျိုးသားအကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့် မူ၀ါဒများနှင့် လုပ်ငန်းစဉ်များ ကိုယ်တိုင်ချမှတ်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်၏ ပကတိအရှိတရားအရ **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"**ဆိုသော ဒို့တာဝန်အရေးသုံးပါးသည် မည်သူကမျှမငြင်းနိုင်သည့် အမျိုးသားရေးမူ၀ါဒ ဖြစ်ကြောင်း၊ ချမှတ်ထားသော နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်း(၁၂)သွယ်သည်လည်း အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက်လက်တွေ့ကျသည့် နည်းလမ်းများဖြစ်ကြောင်း၊ မွန်မြတ်မှန်ကန်သောမူ၊ လက်တွေ့ကျသည့် နည်းလမ်းများအတိုင်း နိုင်ငံတော်၏ စစ်မှန်သောအားများ ဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြသည့်အတွက် မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မျှမတူသော တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေပြီဆိုသည်ကို ထင်ရှားစွာသိမြင်ခံစားနေကြရပြီဖြစ်ကြောင်း။

တက်ကြွစွာပါဝင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်တူ ဝိုင်းဝန်းအကောင်အထည်ဖော်နိုင်စေရန်ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတိုင်း ၂၄ သန်းကျော်ရှိသော အသင်းဝင်များသည် နိုင်ငံတော်၏ဒေသအသီးသီးတွင်ရှိသည့် ပြည်သူများနှင့်လက်တွဲပြီး နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီး၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်ကြီး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် စီမံကိန်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အစဉ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံ လိုအပ်ချက်များဖြစ်သည့် **"နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး"**တို့အတွက်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း။

မျိုးချစ်စိတ်ဓာတ်

အသင်းဝင်များသည် နိုင်ငံတော်၏ နေရာဒေသအနှံ့အပြားတွင် နေထိုင်ကြသူများဖြစ်ကြပြီး တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံက ကိုယ်တိုင်ဆန္ဒပြုပြီး ဝင်ရောက်လာကြသူများဖြစ်ကြကြောင်း၊ မိမိတို့နယ်မြေဒေသ၌ရှိသည့် ပြည်သူများ၏အကျိုး၊ သမိုင်းတစ်လျှောက် တိုင်းရင်းသားစုံညီစွာ စုစည်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုကြီး အကျိုးအတွက် တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်ကြရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ဝင်ရောက်လာကြသူများဖြစ်ကြကြောင်း။

ပြည်သူများ၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် အတွေးအခေါ်ညီညွတ်မှု၊ အလုပ်ညီညွတ်မှုရှိရမည်ဖြစ်သည့်အပြင် ထိုက်သင့်သော အရည်အချင်းများလည်း ရှိကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် အတွေးအခေါ်နှင့် အရည်အချင်းပြည့်ဝသော အသင်းဝင်များကသာ မိမိတို့ပြည်သူများနှင့် နိုင်ငံတော်၏အကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊လေ့ကျင့်မှုတိုင်းသည် တက်ရောက်သူတစ်ဦးစီ၏ အရည်အချင်းတိုးတက်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏အရည်အချင်းများမြင့်မားတိုးတက်လာသည်နှင့်အမျှ အသင်းဝင်များနှင့် ဖွဲ့စည်းထားသည့် အသင်းကြီးအနေဖြင့် စုစည်းညီညွတ်သော စွမ်းအားဖြင့်ပိုမိုအကျိုးပြုစေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်သည်ဆိုသည်ကို ခံယူလေ့လာသွားကြရန် မှာကြားလိုကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

မိမိတို့၏ အမိနိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်းထောင်ချီသည့်ကာလက စပြီး တိုင်းရင်းသားများစုံညီစွာ အတူတကွနေထိုင်ကြသော သမိုင်းအစဉ်အလာကြီးမားသည့် နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ ခြားနားသောသမိုင်း၊ ကွဲပြားသည့် ယဉ်ကျေးမှု၊ ဆက်စပ်မှုမရှိသော ဖြစ်ထွန်းမှုများနှင့် ရှိနေကြသည့် သီးခြား နိုင်ငံများကို စုစည်းထားခြင်းမျိုး မဟုတ်ဘဲ တိုင်းရင်းသားအားလုံး သမိုင်းစဉ်တစ်လျှောက် အတူတကွ ပူးပေါင်း နေထိုင်ခဲ့ကြသော နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ တလုံးတစည်းတည်းသော ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ အေးအတူပူအမျှ ရောနှောပျံ့နှံ့ နေထိုင်ရာ နိုင်ငံတော်ကြီးလည်းဖြစ်ကြောင်း၊ အမိပြည်ထောင်စု နိုင်ငံတော်ကြီး ရေရှည် တည်တံ့ခိုင်မြဲပြီး အစဉ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် နိုင်ငံတော်ကို ချစ်သည့် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

လက်ရှိကာလသည် မိမိတို့အားလုံး မျှော်မှန်းထားသည့် နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေးအတွက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော အခွင့်အခါကောင်းနှင့် ကြုံကြိုက်နေသည့်ကာလဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရှိစေရန် ဆောင်ရွက်ရင်း ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူ၀ါဒလမ်းစဉ်(၇)ရပ် အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော အချိန်လည်းဖြစ်ကြောင်း၊ မူ၀ါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ရေးသည် မျက်မှောက်မြန်မာနိုင်ငံတော်အတွက် သမိုင်းက ပေးအပ်လာသော အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးက ထောက်ခံကြိုဆိုခဲ့ကြပြီးဖြစ်ကြောင်း။

တိုင်းပြုပြည်ပြု

မူ၀ါဒလမ်းစဉ်(၇)ရပ်၏ အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့က ကိုယ်စားလှယ် ၁၀၀၀ကျော်ဖြင့် အနှောင့်အယှက် အခက်အခဲများကြားက အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်ကြီးများက တစ်ဦးချင်း၏အကျိုး၊ တစ်ဖွဲ့ချင်း၏ အကျိုးကို ရှေ့တန်းမတင်ဘဲ တလုံးတစည်းတည်းသော နိုင်ငံတော်ကြီး အကျိုးအတွက် ရင်းနှီး ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးခဲ့ကြပြီး အနာဂတ်နိုင်ငံတော်သစ်ကြီးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း ရေးဆွဲနိုင်ရန် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းအချို့၏ ဆွေးနွေးပွဲမဟုတ်ဘဲ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တိုင်းပြုပြည်ပြု ညီလာခံကြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက ညှိနှိုင်းဆုံးဖြတ်ချမှတ်ထားသည့်မူများအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း ရေးဆွဲပြီးဖြစ်ကြောင်း၊ ရေးဆွဲပြီးသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုရေးနှင့် ၂၀၁၀ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက်လည်း နိုင်ငံတော်က ရှင်းလင်း ပြတ်သားစွာ ထုတ်ပြန်ထားပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူ၀ါဒလမ်းစဉ်(၇)ရပ်ပါ လုပ်ငန်းစဉ်တိုင်းသည် ပြည်သူများ၏ ဆန္ဒအတိုင်း အနာဂတ် နိုင်ငံတော်သစ်ကြီးအဖြစ် ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် မလွဲမသွေဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ တိုးတက်ကောင်းစားရေးအတွက် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တစုတစည်းတည်း အောင်မြင်အောင် ဆောင်ရွက်ကြရမည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူ၀ါဒလမ်းစဉ် (၇)ရပ်မှတစ်ပါး အခြားမရှိဟု ပြတ်သားစွာယုံကြည်ထားပြီးဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ် မေလတွင် ကျင်းပမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး အောင်မြင်အောင် ပြည်သူတစ်ရပ်လုံးနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မှန်ကန်စွာရှုမြင်

နိုင်ငံတော်၏အရေးအရာများသည် တစ်ဦးတစ်ယောက်၏ အရေး၊ အဖွဲ့အစည်းအချို့၏အရေးများ မဟုတ်ကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အတ္တစွဲ၊ ၀ါဒစွဲ၊ ဂိုဏ်းဂဏစွဲများနှင့် ယှဉ်သော လောဘ၊ ဒေါသ၊ မောဟ တရားများဖုံးလွှမ်းမှုများကြောင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို မျက်ကွယ်ပြုခဲ့မိကြသည့် ဖြစ်စဉ်များကို သင်ခန်းစာယူကြရမည် ဖြစ်ပါကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော နိုင်ငံတော်၏ အရေးအရာကိစ္စရပ်များသည် နိုင်ငံတော်နှင့်ပြည်သူများက အောင်မြင်စွာဖြေရှင်းနိုင်သည့် ပြည်တွင်းရေးများသာဖြစ်ကြောင်း၊ မည်သည့်ပြည်ပ နိုင်ငံသားများကမှ မြန်မာနိုင်ငံသားများလောက် မြန်မာနိုင်ငံ၏ သမိုင်းကြောင်း ဖြစ်စဉ်များနှင့် ပကတိ အရှိတရားများကို သိမြင်ခံစားနိုင်ကြမည်မဟုတ်ကြောင်း၊ ပကတိအခြေအနေများကို မှန်ကန်စွာ ရှုမြင်နိုင်ကြရန်လိုကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အားပေးကူညီမှုများကို ကြိုဆိုမည်ဖြစ်သော်လည်း ဘက်လိုက်စွက်ဖက်မှုများကို စွန့်လွှတ်စွန့်စားရဲသည့် သတ္တိစိတ်ဓာတ်ဖြင့် အသင်းဝင်အားလုံးက ပြည်သူများနှင့်လက်တွဲပြီး ကာကွယ်သွားကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **အသင်းဝင်များသည် နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ဆောင်ရွက်ကြရန် ကိုယ်တိုင် ဆန္ဒပြုဝင်ရောက်လာကြသူများ ဖြစ်ကြသည့်အတိုင်း နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြပါ။**
- **ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာပြီး ပကတိ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး မိမိတို့ပတ်ဝန်းကျင်ပြည်သူများ အကျိုးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေး အတွက် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲပြီး ဝိုင်းဝန်း ပါဝင်ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ်ကြီးအဖြစ် ညင်သာစွာ အသွင်ကူးပြောင်းရာတွင် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူ၀ါဒလမ်းစဉ်(၇)ရပ်ပါ အဆင့်တိုင်း အောင်မြင်ရေးအတွက် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ဟန့်တား နှောင့်ယှက်မှုကို ဖြစ်ပေါ်စေမည့် အဖျက်လုပ်ရပ်များနှင့် ဘက်လိုက် စွက်ဖက်မှုမှန်သမျှကို စွန့်လွှတ်စွန့်စားရဲသော သတ္တိစိတ်နှင့် တားဆီးကာကွယ်သွားကြပါ။**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် စိတ်ကောင်းစေတနာမှန်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်နေကြသူများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြပါ။**
- **ကျရောက်လာသည့် တာဝန်၏ အရေးပါမှုကို ခံယူနားလည်ပြီး နိုင်ငံတော်က အားထားရသော အမျိုးသားရေးအင်အားစုကြီးအဖြစ် အစဉ် ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသားသင်တန်းသူ၁၀၁ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိများအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသောင်းညွန့်နှင့် ဦးမြတ်သူတို့က ဆောင်ရွက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကိုလည်းကောင်း၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

အထက(၁) ပုသိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၀

အထက(၁)ပုသိမ် (ယခင်ဟိုက်စကူးကျောင်း)တွင် ၁၉၅၀ပြည့်နှစ်မှ ၂၀၀၇ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မတ်၂၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်းရှိ ရတနာတန်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများနှင့် အသက်(၆၀)ပြည့်နှင့်အထက် ဆရာကြီးဆရာမကြီးများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်း

အာစရိယပူဇော်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း) ဖုန်း-၀၉-၅၃-၅၀၇၇၉၊ ဦးတင်မောင်ဝင်း ဖုန်း-၀၁-၃၈၁၇၇၂၊ ဦးအုန်းကျော် ဖုန်း-၀၉-၅၁-၃၁၂၂၁၊ ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)(ခ)အရောင်ခင် ဖုန်း-၀၁-၅၄၁၂၈၇၊ ဒေါက်တာအောင်စိန်-ဒေါ်မိုးမိုးအေး ဖုန်း-၀၄၂-၂၂၃၀၁၊ ဦးထွန်းကြည်(ဆန်းမိတ္တူ)ဖုန်း-၀၄၂-၂၄၁၀၀၊ ၀၉-၅၂-၀၀၂၂၀၊ ဒေါ်စန်းစန်းဌေး ကျောင်းအုပ်ဆရာမကြီး အထက(၃) စမ်းချောင်း ဖုန်း-၀၁-၅၁၀၆၈၉၊ ဒေါ်ပြုံးပြုံးခင် ဖုန်း-၀၁-၅၃၀၀၂၅၊ ဦးတင်ဝင်း ဖုန်း-၀၄၂-၂၅၁၄၉နှင့် ဦးဝင်းနိုင် ဖုန်း-၀၄၂-၂၅၁၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့(၂)

လွတ်လပ်ရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုမှာ အချုပ်အခြာအာဏာပိုင်စိုးရေးပင်ဖြစ်သည်။ အချုပ်အခြာအာဏာဟူသည် အတိုင်းအဆမရှိ ကျယ်ပြန့်မြင့်မားသော နိုင်ငံသားပြည်သူတို့ ပိုင်ဆိုင်အပ်သည့် အာဏာရပ်ကြီး(ဝါ)နိုင်ငံသားအားလုံး၏ ကောင်းကျိုးကို ဖန်တီးနိုင်စွမ်းသော တန်ခိုးအာဏာပင်ဖြစ်သည်။ ယင်းအချုပ်အခြာအာဏာသည် နိုင်ငံရပ်ခြားမှ နယ်ချဲ့သမားတို့ လက်သို့ရောက်သွားလျှင် ယင်းမူလနိုင်ငံသားများ ကျွန်ဖြစ်မည်သာ ဖြစ်သည်။ မူလနိုင်ငံသားတို့ ပိုင်ဆိုင်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့အကျုံးဝင်သည့် အချုပ်အခြာအာဏာကို နယ်ချဲ့သမားက ကိုင်တွယ်ကာ မူလနိုင်ငံကို ဖိနှိပ်ချုပ်ခြယ် ကန့်သတ်သောဥပဒေများသာ သူတို့ပြဋ္ဌာန်းမည်။ သူတို့စိတ်ကြိုက် ခြယ်လှယ်သွေးစုပ်ပြီး မူလပြည်သူများကို ဆင်းရဲတွင်းနက်စေမည့် အုပ်ချုပ်ရေး(ဗျူရိုကရေစီယန္တရား)ကိုသာ ကျင့်သုံးမည်။ မူလနိုင်ငံသားတို့ မတော်လှန်နိုင်အောင် ဟန့်တားသည့် တရားစီရင်မှုများဖြင့် ၎င်းတို့၏နယ်ချဲ့အုပ်ချုပ်ရေးယန္တရားသက်တမ်းရှည်စေမည် ဖြစ်သည်။

မြန်မာတို့သည် ဗြိတိသျှနယ်ချဲ့သမားတို့လက်အောက် ကျွန်သပေါက်အဖြစ် နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့သည်။ ယင်းကျွန်သက် နှစ်တစ်ရာကျော်သည် မြန်မာတို့၏ သူ့ကျွန်မခံ တွန်းလှန်ရင်း လွတ်လပ်ရေးကိုပြန်လည်တိုက်ယူသော နယ်ချဲ့ဆန့်ကျင်မှုသက်နှစ်တစ်ရာကျော်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာတို့ သွေးချွေးရင်းပြီး ကိုယ့်အချုပ်အခြာအာဏာ ကိုယ်ပိုင်စိုးရန် အားထုတ်ကြိုးပမ်းသက် နှစ်တစ်ရာကျော်ပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် ပြည်ပ ပယောဂများ၊ သံသယစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ မူစွဲ၊ လူစွဲများဖြင့် ပြည်တွင်းသောင်းကျန်းမှုကလည်း ရာစုနှစ် တစ်ခု၏ တစ်ဝက်နီးပါးရှိခဲ့သည်။ ပြည်သူတို့ လွတ်လပ်ရေးအရသာမခံစားရဘဲ အသက်ကိုဖက်နှင့်ထုပ်ပြီး ပြေးလွှားဒုက္ခရောက်နေကြချိန်တွင် အုပ်စုစုံ၊ ပါတီစုံ၊ အယူဝါဒစုံဖြင့် အချင်းချင်းတိုက်ခိုက်အာဏာလုနေသူများသည် သောင်းကျန်းမှုအရသာ ခံတွင်းတွေ့နေခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးရပြီးချိန် ရေကောင်း၊ မြေကောင်း၊ သယံဇာတကောင်းတို့ဖြင့် ညီညာလက်တွဲ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမည့်သူများက ထိုသို့မဟုတ်ဘဲ ပြည်သူများအား ဒုက္ခပေးနေကြသည်ကို နယ်ချဲ့နိုင်ငံကြီးများက ပြုံးပြုံးကြီး ကြည့်နေခဲ့ကြသည်။ မျက်ဖြူဆိုက်လေ၊ ဆရာကြိုက်လေ ဖြစ်နေခဲ့ကြသည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဖဆပလအစိုးရက ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ အာဏာရဖဆပလအစိုးရအတွင်း တည်မြဲ (ဖဆပလ)၊ သန့်ရှင်း(ပထစ)ကွဲခဲ့သည်။ ဆိုရှယ်လစ်ပါတီသုံးခြမ်းကွဲ၊ ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲရာမှ လေးငါးခြမ်းကွဲ၊ ပြည်သူ့ရဲဘော် နှစ်ခြမ်းကွဲခဲ့သဖြင့် လွတ်လပ်ရေးကြိုးပမ်းစဉ်က အမျိုးသား စည်းလုံးညီညွတ်ခဲ့သမျှ အကွဲကွဲဖြစ်ရသည်။ အမျိုးသားနိုင်ငံရေးအမြင်ဖြင့် လွတ်လပ်ရေးရယူခဲ့ကြသမျှ မိမိတို့ တစ်ဖက်သတ်ယုံကြည်ခံယူသော နိုင်ငံရေးအယူဝါဒစုံဖြင့် လွတ်လပ်ရေးပြန်လည်ဆုံးရှုံးစေမည့်လမ်းသို့ ရေးရှုလာခဲ့ကြသည်။ သို့ဖြစ်ရာ အမျိုးသားရေးသစ္စာရှိသည့် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများက ကြံ့ကြံ့ခံပြီး ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ(လွတ်လပ်ရေး) မဆုံးရှုံးစေရေးကို အကြိမ်ကြိမ်ကာကွယ် စောင့်ရှောက်ခဲ့ရသည်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံ့တာဝန်ယူပြီးနောက် တပ်မတော်သည် နိုင်ငံတည်ငြိမ် အေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ရင်း ပါတီစုံစနစ်ကို စတင်ပျိုးထောင်ပေးခဲ့သည်။ ၁၉၈၈-၈၉ ခုနှစ်များအတွင်း မှတ်ပုံတင်သော ပါတီပေါင်း ၂၃၅ပါတီ ရှိခဲ့သည်။ လက်ဝဲပါတီ၊ လက်ယာပါတီစသည်ဖြင့် မျိုးစုံလှသည်။ လူ ၁၀ဦးက တစ်ဦးကျပ်ငါးဆယ်စီစုပြီး ကျပ်၅၀၀ဖြင့် မှတ်ပုံတင်လိုက်သည်နှင့် တစ်ပါတီဖြစ်နေသည်ကို တွေ့ရသည်။ ပါတီမူဝါဒ၊ လမ်းစဉ်၊ ပါတီလမ်းညွှန်၊ သဘောတရားနှင့် ပါတီဝင်အင်အားတစ်ခုမှ မပြနိုင်သော ပါတီက ၂၀၀ ကျော်ရှိခဲ့သည်။

၁၉၉၀ ပြည့်နှစ် မေလ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပသောအခါ ၉၃ ပါတီက ကိုယ်စားလှယ်လောင်းအချို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ကျန်ပါတီများ ကိုယ့်သဘောကိုယ်ဆောင်ပြီး ကြွေလျှော့သွားခဲ့ကြသည်။ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်တစ်ဦးမှ အရွေးမခံရသောပါတီများလည်း ကြွေလျှော့သွားကြပြန်ရာ ရွေးကောက်ပွဲ

ခိုင်မျိုးညီလာအောင်

ပြီးချိန်၌ ပါတီ၁၀ခုသာ ကျန်တော့သည်။ ပါတီများ မှတ်ပုံတင်ရာ၌ တောထဲမှ ဗကပသောင်းကျန်းသူများက ၎င်းတို့၏ မြေပေါ် (ယူဂျီ) ကိုယ်စားလှယ်များအား မှတ်ပုံတင်ခိုင်းသော ပါတီ သုံးလေးခုပါသဖြင့် ထိုပါတီများကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က စိစစ်တွေ့ရှိ ပယ်ဖျက်ခဲ့ရသည်ကို မှတ်မိနေကြဆဲပင်။

အမေရိကန်ပြည်ထောင်စုတွင် ရီပတ်ဘလီကင်ပါတီနှင့် ဒီမိုကရက်တစ်ပါတီနှစ်ခုကသာ ပါတီငယ်များကို စုစည်းပြီး ရပ်တည်ယှဉ်ပြိုင်ကာ တစ်လှည့်စီ အာဏာရနေကြသည်။ ယင်းပါတီနှစ်ရပ်စလုံးသည် လုပ်နည်းလုပ်ဟန်ပိုင်း၌ အပျော့ အမာ ကွာသော်လည်း ရည်ရွယ်ချက်မှာ တူညီသည်။

ဗြိတိန်တွင် ကွန်ဆာဗေးတစ်ပါတီနှင့် လေဘာပါတီတို့သာ အဓိကယှဉ်ပြိုင်ကြသည်။ လစ်ဘရယ်ပါတီမှာ အာဏာအလှမ်းဝေးနေသော အတိုက်အခံ ပါတီဖြစ်သည်။ ယင်းပါတီအားလုံးပင် ဗြိတိသျှအရင်းရှင် (နယ်ချဲ့)စနစ်ရင်ခွင်မှ ပေါက်ဖွားလာသောပါတီများဖြစ်သည်။အမေရိကန်နှင့် ဗြိတိန်တို့တွင် ကောင်းသောနမူနာများလည်း ရှိသည်။ မိမိတို့ပြည်ထောင်စုနိုင်ငံအတွင်းမှ ခွဲထွက်ရန်လှုပ်ရှားမှုမှန်သမျှကို စစ်အင်အားသုံး နှိပ်ကွပ်သည်။ ပြိုကွဲမခံ၊ ခွဲထွက်မခံ၊ နိုင်ငံတော်ကို ဆန့်ကျင်ဆန္ဒပြရာ၌လည်း လူဦးရေ နည်းနည်းပါးပါးက ငြိမ်သက်စွာ စတိမျှဆန္ဒပြလျှင် သည်းခံသည်။ လူများများ ပြင်းပြင်းထန်ထန် ဆန္ဒပြလာလျှင်မူ နှိမ်နင်းဖြိုခွဲရာ၌ လက်စွမ်းထက်လှသည်။ လူနည်းစုဆန္ဒပြမှုကလေးများကို ဟန်ပြခွင့်ပြုပြီး ကမ္ဘာကိုလှည့်စားသည်။

ထိုသို့ မိမိနိုင်ငံတွင် ဝါဒတူပါတီနှစ်ခုလောက်ကိုသာ ခွင့်ပြု၊ ပြည်ထောင်စုမှ လုံးဝခွဲထွက်မခံ ဆန္ဒပြရာ၌ ပြင်းထန်လာလျှင် နှိပ်ကွပ်ပါလျက် အခြားပြည်ထောင်စုများ၊ နိုင်ငံများ၏ အစိတ်အပိုင်းများ ခွဲထွက်အောင် ဆွပေး၊ ကိုယ်ထိလက်ရောက် ကူညီအားပေး၊ ခွဲထွက်လာလျှင် ချက်ချင်း အသိအမှတ်ပြု၊ ဆန္ဒပြသူများက မင်းမဲ့စရိုက်ဆန်လာပြီး အကြမ်းဖက်လာ၍ ဆိုင်ရာအစိုးရကဖြိုခွင်းပြီဆိုလျှင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ လွတ်လပ်ခွင့် စသည့် စကားလုံးများသုံးပြီး ဟန့်တားစသည်ဖြင့် ထင်ရာစိုင်းနေသည်ကို ကမ္ဘာက မြင်နေရသည်။နိုင်ငံများစွာကို ဘိန်းစားစီမံကိန်းဖြင့် ချည့်နဲ့အောင်လုပ်ပြီးမှ ဝင်သိမ်းလေ့ရှိသော ရှေးကဗြိတိသျှတို့၏ နည်းကိုယူပြီး နယ်ချဲ့လက်သစ်များက ၎င်းတို့စိုးမိုးခြယ်လှယ်လိုသော နိုင်ငံများမှလူငယ်များကို မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ခန်းခြောက်အောင်လုပ်ပြီး ယင်းနိုင်ငံ၏ ခုခံတော်လှန်အား ချည့်နဲ့စေသည့်ပြင် နိုင်ငံတွင်းမှ ဝေလေလေများကို လက်ယပ်ခေါ်ထုတ်ပြီး ပြည်ပြေးစီမံကိန်းအတွင်း သွတ်သွင်းအသုံးချကာ နိုင်ငံများစွာကို ဖြိုခွဲဖျက်ဆီး နှောင့်ယှက်လျက်ရှိသည်။

ဤသည်တို့ကိုလေ့လာသုံးသပ်ကြပြီး နိုင်ငံတိုင်းမှမျိုးချစ်အင်အားစု၊ အမျိုးသားရေးအင်အားစုများက နယ်ချဲ့ထောင်ချောက်များကို ရှောင်ရှား ဖယ်ထုတ်လာကြသည်။ နိုင်ငံတိုင်း ကိုယ့်နိုင်ငံ၏ ကာကွယ်ရေးအင်အား၊ စီးပွားရေးအင်အား၊ အမျိုးသားရေးအင်အားများ တိုးပွားအောင်လုပ်ပြီး မိမိနိုင်ငံကောင်းကျိုးကို ကိုယ့်အားကိုယ်ကိုး လုပ်ကိုင်ဆောင်ရွက်နေကြရသည်။ မြန်မာနိုင်ငံသည်လည်း နယ်ချဲ့ကျော့ကွင်းမသက်ဆင်းဘဲ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ကာ ပိတ်ဆို့နှောင့်ယှက်၊ အဖျက်အမှောင့်များကြားမှာပင် နိုင်ငံငြိမ်းချမ်းအောင်၊ တည်ငြိမ်အောင် ယခု ဆယ်စုနှစ် နှစ်ခုအတွင်း ကြိုးပမ်းခဲ့သည်။

နိုင်ငံ့ဖွံ့ဖြိုးရေး လုပ်ငန်းများဆိုသည်မှာလည်း ငွေမကုန်ဘဲမဖြစ်၊ ငြိမ်းချမ်းတည်ငြိမ်မှုမရှိလျှင်လည်း တည်ဆောက်ရေးလုပ်ငန်းများမလုပ်နိုင်ပေ။ ပြည်တွင်းပြည်ပအဖျက်သမားများ၏ ပိတ်ဆို့နှောင့်ယှက်စီးပွားပျက်အောင် လုပ်ဆောင်နေသည့် အဖျက်လုပ်ရပ်များကြားမှ ပြည်တွင်းငြိမ်းချမ်းရေးကို ရယူပြီး မိမိပြည်တွင်းအင်အားဖြင့် တည်ဆောက်ဖောက်လုပ်သည့် တံတားများ၊ ကားလမ်းများ၊ ရထားလမ်းများ၊ ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံ ဆေးခန်းများ၊ စက်မှုဇုန်များ၊ ဆည်မြောင်းတာတမံများ (ရေရရှိရေး စီမံကိန်းများ) နိုင်ငံအနှံ့ တိုးတက်သစ်လွင်လာခဲ့သည်။ ဤသို့သော အောင်မြင်မှုများ ရရှိခဲ့ခြင်းမှာ ၅၆သန်းကျော် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညာလက်တွဲ ကြိုးပမ်းခဲ့ခြင်း၏ ရလဒ်များပင် ဖြစ်သည်။

ယင်းသို့ လက်တွဲညီညာ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့မှုကြောင့် ရရှိဖြစ်ထွန်းလာသော အောင်မြင်မှုများနှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြရပါဦးမည်။ ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး လုပ်ငန်းစဉ်များကို အချိန်ကာလ သတ်မှတ်ချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍမှ ပါဝင် ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

မိမိတို့သည် ကမ္ဘာသူ ကမ္ဘာသားအားလုံးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို လိုလားပါသည်။ မည်သူ့အကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်းကိုမျှ ရှေးရှုလုပ်ဆောင်ဖန်တီးမှုမပြုပါ။ မိမိတို့အပေါ် မလိုတမာ ပြုကျင့်မှုများကိုလည်း မိမိတို့၏ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာများကို မသိနားမလည်၍၊ သဘောမပေါက်၍ ကြံစည်လုပ်ဆောင်နေသည်ဟုသာ ထင်မှတ်သဘောထားကြပါသည်။

မိမိတို့၏အတိတ်သည် မြူများဆိုင်းနေ၍ မှုန်ဝါးဝါးဖြစ်နေခဲ့ရသော်လည်း အနာဂတ်သည်မူ နေလာနှင်းပျောက် ဆိုသကဲ့သို့ ပန်းတိုင် ထင်ထင်ရှားရှား ပေါ်လွင်နေပြီဟု ယုံကြည်မိပါတော့သည်။ ။

ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးလုပ်ငန်းစဉ်များကို အချိန်ကာလသတ်မှတ်ချက်နှင့်အညီ ဆက်လက် အကောင်အထည်ဖော်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်။

သာသနာ့သမိုင်းဝင် ထူးကဲအံ့ဖွယ် တန်ခိုးတော်ထူးသည့် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-မောင်တင်လှိုင် (ဟိုတယ်/ခရီး)

စာမျက်နှာပွဲ့စည်းမှု - ကြည်ဝင်း

ရန်ကုန် မတ် ၁၀

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီး သာသနာ့သမိုင်းဝင် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၇ရက်မှ ၂၁ရက်) အထိ ၁၅ ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

မတ် ၇ ရက် နံနက် ၉ နာရီက ငပုတောမြို့နယ် မဟာမကုဋ္ဌရုံသီ မြတ်မော်တင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသော မြတ်မော်တင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနားနှင့် ဗုဒ္ဓပူဇနီယပွဲတော်ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက်ဖွင့်လှစ်ပေးပြီး သာသနာရေးဆိုင်ရာများအား လှူဒါန်းခဲ့သည်။

တက်ရောက်

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတ၊ ဧရာဝတီတိုင်း ပုသိမ်မြို့ ရတနာအုဋ္ဌကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒမာလာ၊ ပင့်သံဃာ ၃၆ ပါးနှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် ဇနီးဒေါ်ဝင်းဝင်းမော်၊ နယ်မြေခံ ရေတပ် စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့် သန်းနှင့် ဇနီး ဒေါ်စန်းစန်းမော်၊ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် တာဝန်ရှိ ပုဂ္ဂိုလ် များ၊အလှူရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်အခမ်းအနားမှူးအဖြစ် ဗိုလ်မှူးဇော်ဇော်ဦး (ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး တိုင်းသာသနာရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ် ရှစ်ဆူကို တဖုဿနှင့် ဘလ္လိက ညီနောင်တို့ ပင့်ဆောင်လာသော ဆံတော်များ အနက် ဇေယျသေန နဂါးမင်းသည် တန်ခိုးဖြင့် ဆံတော်ဓာတ်နှစ်ဆူကို ရယူခဲ့ပြီး လူနတ် ဗြဟ္မာသတ္တဝါတို့၏ အကျိုးများဖွယ်ကိုးကွယ်ရာသာဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရှေးအခါ သရနတောင် ယခု မော်တင်တောင်တွင် သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့ အရွယ်ရှိ စေတီတော်မြတ်ကို တည်ထား

မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားနှင့် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ဖွင့်လှစ်ပေးစဉ်။

သပ္ပာယ်စွာဖူးမြော်

ဘုရားကြီးမှာ ရေငလျင်ဒဏ်ကြောင့် ထီးတော်များ မြေသို့ခဲ့ရာ ယခုအခါ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ်တို့ကို တစ်ဖန် ပြန်လည်တင်လှူပူဇော်ခဲ့ပြီး စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့သည်။ အရံစေတီ ၁၆ ဆူကိုလည်း လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်နိုင်ခဲ့သဖြင့် သပ္ပာယ်စွာ ဖူးမြော်ခဲ့ရလေသည်။

အံ့ဖွယ်များ

ဆံတော်ရှင် မြတ်မော်တင် စေတီတော်မြတ်ကြီးတွင် ထူးကဲသော အံ့ဖွယ်များကို အောက်ပါအတိုင်းတွေ့ရသည်။

လပြည့်၊ လကွယ် နေ့များတွင် ရောင်ခြည်တော်လွှတ်လေ့ရှိခြင်း၊ ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့များ ကြိုင်လှိုင်သင်းလျက်ရှိခြင်း၊ ခေါင်းလောင်းသံများ မတီးဘဲ မြည်တတ်ခြင်း၊ တောင်ကုန်းနှင့် ပရိဝုဏ်တို့တွင် ရာသီပန်းတို့ မပြတ်ပွင့်ခြင်း၊ ညအခါစေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်ပြု၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံ၊ ငွေသံ ကြားရခြင်း၊ ဒုတိယ ကမ္ဘာစစ်အတွင်းက နယ်ချဲ့တို့ အမြောက်၊ ဗုံး၊ စက်သေနတ်ကျည်များ ပစ်ခတ်သော်လည်း ကျည်ဆန်တစ်ခုမျှ မခခြင်း၊ ယခုထက်တိုင် ဆွမ်းများ ရံဖန်ရံခါ ဆွမ်းဦးအောင် မတင်နိုင်ခြင်း၊ လပြည့်၊လကွယ်တွင်စေတီကုန်းတော်မှ မောင်းသံ၊ ဗုံသံ စသော တူရိယာ အမျိုးမျိုး၏ အသံများကို အရုဏ်ဦး အခါသမယတို့တွင် ကြားရတတ်ခြင်း၊ ဘေးအန္တရာယ်များ ကျရောက်လာပါက စေတီတော်မြတ်ကြီးအား အာရုံပြု၍ ဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်များမှ လွတ်ကင်းခြင်း၊ ဘုရားပွဲတော်ကြီးတွင် လူထောင်ချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများ မလျော့ခြင်း၊ တပေါင်းပွဲတော်ကြီးဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည် မသိသော ငှက်အုပ်ကြီးများ၊ တောင်တော်နှင့် စေတီတော်အား ပျံဝဲကြခြင်း၊ ဘုရားပွဲတော်တွင် လူပြည့်သည်ဟူ၍ မရှိခြင်း၊ စေတီတော်၏ ရင်ပြင် တောင်တော်တွင် လူပြည့်သည်ဟူ၍ မရှိခြင်း၊ စေတီတော်၏ ရင်ပြင်တွင် ယုံကြည်စွာ အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံများ ကြားရခြင်း၊ စေတီတော်ကို အဝေးမှဖူးတွေ့ရလျှင်၊ စေတီတော် ပရိဝုဏ်သို့ ကြည်ညို စိတ်ဖြင့် ရောက်ရှိပြီး ဖူးမြော်ဦးခိုက်လျှင် ကာယသုခ၊ စိတ္တသုခ နှစ်ပါးစလုံး ချမ်းမြေ့ကြည်နူးရခြင်း စသည်တို့မှာ စေတီတော်မြတ်ကြီး၏ အံ့ဖွယ်တန်ခိုးတော်များပင် ဖြစ်သည်။

စည်းလုံးညီညွတ်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မြတ်မော်တင်စေတီတော်မြတ်၏ ဗုဒ္ဓပူဇနီယ ပွဲတော်ကို နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ ဌာနဆိုင်ရာများနှင့် ဂေါပက အဖွဲ့ဝင်များက လုပ်ငန်းများကို စနစ်တကျ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နေသည်ကို တွေ့ခဲ့ရလေသည်။



ငပုတောမြို့နယ် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးနှင့် အရံစေတီ ၁၆ ဆူအား သပ္ပာယ်စွာ ဖူးတွေ့ရစဉ်။

သွားရေးလာရေးလွယ်ကူ

မြန်မာပြည်အရပ်ရပ်မှ ဆံတော်ရှင် မြတ်မော်တင်စေတီသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ကြီးများဖြင့် ရန်ကုန်မြို့နှင့် ပုသိမ်မြို့များမှ နေ့စဉ် သွားလာပူဇော်နိုင်သကဲ့သို့ ရွှေမန်းသူ မော်တော်ကားများ၊ အခြားပုဂ္ဂလိက မော်တော်ကားများဖြင့်လည်း သွားရောက် ပူဇော်နိုင်သဖြင့် သွားရေးလာရေးမှာ အထူး လွယ်ကူလှပေသည်။

ကြည်ညိုစွာဖူးမြော်နိုင်

ဘုရားဖူးများ စိတ်အေးချမ်းသာ ကြည်ညိုစွာ ဖူးမြော်နိုင်ရန်အတွက် သက်ဆိုင်ရာက အဘက်ဘက်မှ ပြည့်စုံစွာ စီစဉ်ထားရှိပြီးဖြစ်ရာ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနီယ ပွဲတော်ကို သွားရောက်ဖူးမြော်နိုင်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ၂၃ ရက် မွန်းလွဲပိုင်းက ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက်တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေလှက ရပ်ကွက်အဖွဲ့ဝင် ဦးလှမြင့်ထံ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် အကြို ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ရွှေတိဂုံစေတီတော်၏ (၂၅၉၆ နှစ်မြောက်) ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် (အကြို) ဒါနဥပပါရမီ စုပေါင်း သွေးလှူဒါန်းပွဲကို ယမန်နေ့နံနက် ၈ နာရီက ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်ရာဟုထောင့်ရှိချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးကျော်ထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စေတီတော်ဂေါပကအဖွဲ့ဝင် ဒေါက်တာ တင်သိန်းလွင်က သွေးလှူဒါန်းရခြင်း အကျိုးကျေးဇူးများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပေးအပ်ချီးမြှင့်ပြီး

ထို့နောက် သွေးလှူရှင်များကိုယ်စား ခြောက်ကြိမ်မြောက် သွေးလှူရှင်ဦးကျော်စည်သူက သွေးလှူဒါန်းခွင့် ရရှိ၍ ကျေးဇူးတင်စကားပြောကြားပြီး ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးအတွက် လုပ်အားဒါနကုသိုလ်ပြုကြသည့် ဒေါက်တာဒေါ်သီတာအောင်နှင့် အဖွဲ့အား အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော်၏ ၂၅၉၆ နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် အကြို ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း တည်ဆောက်ပြီးစီးမှု ဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မတ် ၈ရက်က နေပြည်တော်ပျဉ်းမနား–တောင်ညို–တောင်တွင်းကြီး လမ်းတစ်လျှောက်ရှိ လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငွေးချိုလမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူး ဦးစန်းဝေက မိုင်တိုင် ၂၂/၀ မှ ၆၆/၀ အထိ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လမ်းလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် အဆိုပါ လမ်းမိုင်တိုင်အမှတ် ၄၄/၃၅ လမ်းသားမျက်နှာပြင် ချဲ့ခြင်းနှင့် ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ရန်ကုန်–ပြည်–မကွေး–မန္တလေးလမ်း၏ မိုင်တိုင်အမှတ် ၂၁၁/၇ ရှိ ဘွက်ကြီးတံတားကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရန်ကိစ္စရပ်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖွင့်လှစ်

ဘွက်ကြီးတံတားသစ်မှာ ယခုအခါ အချောသပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆင္ဘသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်နိုင်ရန်အတွက် ၃၆ လမ်း အမှတ် ၁၅၇၊ ၁၆၉ အခန်း E/6 ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ကိုကိုလေး ဇနီး ဒေါ်ဝါဝါမင်း၊သမီး ရွှေရည်ဝင်းပွင့်၊ သား အာကာမိုး မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ ခန့် တန်ဖိုးရှိသော ရတနာပစ္စည်းများ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေး(အလှည့်ကျသဘာပတိ)နှင့် ဦးစိန်ဦးတို့ လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၀

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Poly Technologies Inc ကုမ္ပဏီမှ Chief Representative, Mr.Ma Shoudong သည် မတ် ၆ ရက် နံနက်၁၀နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် စက်မှုဇုန်ခန်းမ၌ မတ်၈ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် အကြိုအခြေခံသီးသန့် မီးသတ်တပ်ဖွဲ့ သင်တန်းဆင်းပွဲ ကျင်းပရာ ရန်ကုန်တိုင်းမီးသတ်ဦးစီးမှူး ရဲကျော်စွာဦးအောင်ကျော်မြင့်က စက်ရုံ၊အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း ဟောပြောရှင်းလင်းဆွေးနွေးစဉ်။ (၁၁၆)

သန့်လေးသန့် ပညာပေးသီချင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ရေသန့်၊ အစာသန့်၊ လက်သန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကို အခြေပြု၍ အသက်ငါးနှစ်မှ ကိုးနှစ်အရွယ် ကလေးငယ်များကို အခြေခံကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သန့်လေးသန့်စီမံချက်မှ ပညာပေးသီချင်းပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေ ၃နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးမြင့်သိန်းဖေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗဟိုကျန်းမာရေးပညာဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်နှင့် မြန်မာနိုင်ငံ UNICEF ဒုတိယဌာနေကိုယ်စားလှယ် Ms.Rosella Morelli တို့က အမှာစကားပြောကြားကြသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် အသက် ငါးနှစ်မှ ကိုးနှစ်အရွယ်ကလေးငယ်များအတွက် အကောင်းဆုံးပညာပေး တေးသီချင်းစာသားသီကုံးရေးသားသည့် အစာသန့်၊ ရေသန့်၊ လက်သန့်နှင့် အိမ်သာသန့်အတွက် တေးရေးဆရာသုံးဦးတို့ကို တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ဝိုင်းဝန်းကူညီ

ယင်းနောက် တာဝန်ရှိသူများက အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး သန့်လေးသန့်စီမံချက် အတိုင်ပင်ခံ ဒေါ်ဆွေဇင်ထိုက်က ပြိုင်ပွဲအောင်မြင် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည့် အသင်းအဖွဲ့နှင့် လူပုဂ္ဂိုလ်တို့ကို ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန့်လေးသန့် ပညာပေး သီချင်းပြိုင်ပွဲ ဆုပေးပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ဓာတ်ပုံ–မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)

မြန်မာ့အလင်း မှုခင်းသတင်းများ

လမ်းပိတ်ပြီး ကြို့ပို့ယာဉ်မောင်းအား ရိုက်နှက်

ရန်ကုန် မတ် ၁၀

အမှတ်(၁)ကြွေရည်သုတ်စက်ရုံမှ ယာဉ်မောင်း အမှတ် ၉၂၂ ဘုမ္မာ ၁၅ လမ်း(ည)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဦးစိုးယုလွင်(၄၈နှစ်) (ဘ)ဦးငြိမ်းမောင်သည် တီအီး–၂၁ အမျိုးအစားယာဉ်အမှတ် ထ/၁၈၃၄ ကြို့ပို့ယာဉ်အား မတ် ၈ရက် ၉နာရီခန့်က အင်းစိန်လမ်းအတိုင်း မောင်းနှင်လာစဉ် သမိုင်းလမ်းဆုံအရောက်၌ လမ်းပေါ်တွင် လမ်းကြောပိတ်ဆို့ရပ်တန့်၍ ခရီးသည်အတင်အချပြုလုပ်နေသော အမှတ်(၉၇) ခရီးသည်တင် မော်တော်ယာဉ်လိုင်းမှဒိုင်နာအမျိုးအစားအဖြူရောင်ယာဉ် အမှတ် ၁က/၇၄၂၂မှ ယာဉ်မောင်းနှင့် စကားများခဲ့ပြီး ဆက်လက်မောင်းနှင်လာခဲ့စဉ် လှိုင်မြို့နယ် ၁၂ ရပ်ကွက် အင်းစိန်လမ်းရှိ သားရေစက်ရုံရှေ့ အရောက်တွင် ၁က/၇၄၂၂ ယာဉ်သည် နောက်မှလိုက်လာပြီး ထ/၁၈၃၄ ယာဉ်၏ရှေ့မှ ပိတ်ဆို့ရပ်တန့်ထားလိုက်သည်။ ထို့နောက် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် ဦးစိုးယုလွင်အား သံတုတ်များနှင့်ရိုက်နှက်ဆဲဆိုကာ ၎င်းတို့၏ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြသည်။ ဦးစိုးယုလွင်၏ နဖူးယာဘက်နှင့် ဝဲဘက်လက်ဖျံတို့တွင် ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရရှိသွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ် (၁)ကြွေရည်သုတ်စက်ရုံမှ တာဝန်ရှိသူများက တိုင်တန်းခဲ့သဖြင့် လှိုင်မြို့နယ်ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၁၀၃/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၅/၃၅၃ အရ အမှုဖွင့်အရေးယူထားသည်။ **(သတင်းစဉ်)**

ပြည်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၀

ပြည်မြို့ ဝါးရုံဆိပ်ရွာတွင် မတ် ၆ ရက် မွန်းလွဲ၂နာရီ ၄၅မိနစ်က ကိုပု အသက်၃၅နှစ်(ဘ)ဦးကုလား၏နေအိမ် မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ရာ နေအိမ် ၃၁ လုံး မီးကူးစက် လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ညနေ၄နာရီခွဲတွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် နေအိမ် ၃၁ လုံး ဆုံးရှုံးခဲ့ပြီး ကျန်းမာရေးမကောင်းသည့် ဦးထွန်းမောင် အသက် (၆၀)(ဘ)ဦးလုံးမှာ မီးလောင်သေဆုံးခဲ့ရသည်။ ယင်းမီးလောင်မှုကြောင့် မိသားစုဝင် စုစုပေါင်း ၁၄၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသဖြင့် ကိုပုအား ဝက်ထီးကန်ရဲစခန်းမှ (ပ) သတင်းချက်အမှတ် ၄၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅/၃၀၄–က အရ အမှုဖွင့်အရေးယူထားသည်။ (သတင်းစဉ်)

ယာဉ်မဆင်မခြင် မောင်းနှင်ခြင်းကြောင့် လမ်းဘေး ရေမြောင်းအတွင်းထိုးကျ

ရန်ကုန် မတ် ၁၀

လှိုင်မြို့နယ် ဘူတာရုံလမ်းတွင် မတ် ၇ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က ရှမ်းစတားဂျစ်အမျိုးအစား အစိမ်းရောင်ယာဉ်အမှတ် ၇ခ/၄၁၆၈သည် လမ်းအတိုင်း အရှေ့မှအနောက်သို့အရှိန်ဖြင့် မောင်းနှင်လာစဉ် ပရဟိတကျားကျောင်းရှေ့အရောက်တွင် အမှတ် ၁၉ သီရိ၇ လမ်း (၂)ရပ်ကွက် လှိုင်မြို့နယ်နေ ဦးငွေသိန်း (၄၆ နှစ်) (ဘ) ဦးပြူးနင်းလာသည့် အနေးယာဉ်အား အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိခဲ့ပြီးနောက် ယာဉ်ကိုမရပ်တန့်ဘဲ ဆက်လက်မောင်းနှင်သွားခဲ့စဉ် ဘူတာရုံလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ လမ်းဘေးရေမြောင်း အတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်းသူသည် ယာဉ်ကိုထား၍ တိမ်းရှောင်သွားခဲ့ပြီး အနေးယာဉ်နင်းသူ ဦးငွေသိမ်းမှာ ယာဘက်လက်ပြင်၊ ဒူး၊ ဦးခေါင်း ထိပ်တို့၌ ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် တက်ရောက်ကုသနေရသည်။ ၎င်းယာဉ်တိုက်မှုနှင့်ပတ်သက်၍ တိမ်းရှောင်နေသော ယာဉ်မောင်းအား နယ်မြေ (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အမှုဖွင့်အရေးယူထားသည်။ (သတင်းစဉ်)

အထက(၄) ပုဇွန်တောင်၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက်(တောင်သူလယ်သမားနေ့)က ကျောင်းဝင်းတွင် ကျင်းပရာ ကျောင်းသားကျောင်းသူဟောင်းများက ကျောင်းအုပ်ဆရာမကြီးသို့ မိတ္တူကူးစက်တစ်လုံး ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) ဘွဲ့ရဆရာတော် ထပ်ဆင့်ပူဇော်မည်

ရန်ကုန် မတ် ၁၀

တောင်တွင်းကြီးမြို့နယ် ဆီမီးထွန်းကျေးရွာအုပ်စု သဲဖြူရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းမှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဆရာတော်ဘဒ္ဒန္တ ဓမ္မာနန္ဒအား မတ် ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီ တောင်ဘက်မုခ်အနီးရှိ သစ်လုပ်ငန်းဓမ္မာရုံ၌ ထပ်ဆင့်ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် နယ်သူနယ်သားများ ကြွရောက်ပူဇော်ပါရန်နှင့် အလှူငွေများကို ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း) ဖုန်း–၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း–၆၅၁၉၄၃၊ ရုံး–၅၃၉၇၃၈၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း–၆၄၀၈၆၈၊ ရုံး–၂၄၃၉၉၂၊ အတွင်းရေးမှူး ဒေါက်တာ ဘိုကြည် ဖုန်း–၇၀၀၈၂၀ တို့ထံဖြစ်စေ၊ နီးစပ်ရာ အမှုဆောင်များထံဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အောင်တော်မူစေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် မလွှကုန်းဘူတာအနီး တည်ထားကိုးကွယ်တော်မူသော **အောင်တော်မူစေတီ** ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မတ်၂၉ရက် (စနေနေ့) တပေါင်းလပြည့်ကျော်၈ရက် ညနေ ၄နာရီမှစတင်ကာ ဆွမ်းတော်ကြီးပွဲများ ကပ်လှူရန်ပေးပို့ခြင်း၊ မတ်၃၀ရက် (တနင်္ဂနွေနေ့) တပေါင်းလပြည့်ကျော် ၉ရက် နံနက်အရုဏ်ဆွမ်းတော်ကြီးကပ်လှူခြင်း၊ အနေကဇာတင်ခြင်း၊ ဩဝါဒါစရိယဆရာတော်ကြီးများအား အရုဏ်ဆွမ်းကပ်လှူခြင်း၊ ယင်းနေ့ ညနေ၄နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၃၁ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် မတ်၃၁ရက် (တနင်္လာနေ့) တပေါင်းလပြည့်ကျော် ၁၀ရက်ညတွင် အနုပညာမော်ကွန်းသစ် ဇာတ်သဘင်တို့ဖြင့် ဖျော်ဖြေမည်ဖြစ်ပါသဖြင့် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများ အောင်တော်မူစေတီဂေါပကရုံး အလှူခံမဏ္ဍပ်နှင့် ဦးသန်းအေး ဖုန်း-၀၁-၅၄၄၈၂၆၊ ဦးထွန်းဖေ ဖုန်း-၀၉-၈၉-၂၂၃၆၃နှင့် ဦးတင်အေး ဖုန်း-၀၉-၅၁-၄၄၀၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

စာပေဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ကျုံပျော်မြို့နယ် အင်းဖျားကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ရက်က အင်းဖျားကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပရာ ပုသိမ်မြို့ သဒ္ဓမ္မသီတဂူကျောင်းတိုက်ဆရာတော် မဟာစည်နာယက ဘဒ္ဒန္တ တေစိန္ဒာသဘက အင်းဖျားကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်သို့ သုတ၊ရသစာအုပ်များကို ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပြီး စာရေးဆရာများဖြစ်ကြသော ပုသိမ်ရန်နောင်စိုး၊ ပုသိမ်လှကြည်နှင့် သိန်းဇော်(ရွှေလီဦး)တို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။ **(က-ပ)**

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ဘဏ္ဍာ/အခွန်ဝန်ထမ်းများအားတွေ့ဆုံ

နေပြည်တော် မတ် ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၇ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း၊ ကျောက်မဲမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း၊ သီပေါမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းရုံးခွဲတို့သို့လည်းကောင်း ရောက်ရှိစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ဘဏ်ခွဲမန်နေဂျာနှင့် ရုံးခွဲတာဝန်ခံများက ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားသည်။

အမှာစကားပြောကြား

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မတ် ၈ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့တက်ရောက်၍ အမှာစကားပြောကြားကြသည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လားရှိုးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်နယ် မန်နေဂျာရုံး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ပြည်နယ်အခွန်များ ဦးစီးဌာနမှူးရုံး၊ ခရိုင်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျူဒိုနည်းပြသင်တန်း(၁/၂၀၀၈)ဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်

ရန်ကုန် မတ် ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တို့က ပူးပေါင်းကျင်းပသော ၂၀၀၈ခုနှစ် ဂျူဒိုနည်းပြသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ သုဝဏ္ဏရှိ Goal Hotel၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်သင်ကြား

အဆိုပါ ဂျူဒိုနည်းပြသင်တန်းကို ဂျပန်နိုင်ငံမှ ဂျူဒိုနည်းပြဆရာများဖြစ်ကြသော Mr. SHUNICHI SAITO (3 DAN)၊ Mr. MAKOTO SAKASHITA (6 DAN) နှင့် Mr. SHIMAYAMA(4 DAN) တို့က လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၂ဦး တက်ရောက်သင်ကြားမည်ဖြစ်ကာ သင်တန်းကာလမှာ မတ် ၁၀ရက်မှ ၃၀ရက်အထိ ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**'သေနည်း(၄)မျိုး'** တရားတော် [ဆရာတော်အရှင်ဇဝန၊ (မေတ္တာရှင်)]
၈:၀၀-၂:၀၀	ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅-၂:၂၅	Sunday Talk
၉:၃၀-၃:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀-၃:၄၀	တစ်ကျော့ပြန်တီဘီ (အပိုင်း-၁) (ဒေါက်တာဇေစိုး)
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	စိတ္တာနုပဿနာ (အပိုင်း-၂) (ဆရာကြီးဦးဌေးအောင်)
၁၀:၂၅-၄:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	အမြင့်ပျံငှက်တို့နားခိုရာ (စည်သူမောင်၊ ထူး၊ ဇွန်သစ်နိုင်)
၁၀:၄၅-၄:၄၅	မိုးလေးဝသခန့်မှန်းချက်
၁၀:၅၀-၄:၅၀	မန်းချောင်းတံတား
၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀	Biz Net
၁၁:၁၅-၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရှောက်သီးအလုံးယို)
၁၁:၃၅-၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **"ရောင်ပြန်စား"**
၁၂:၁၅-၆:၁၅	Music Gallery တေးသံရှင်ရဲ့တေးလက်ဆောင် (ခင်မောင်တိုး)
၁၂:၃၅-၆:၃၅	နှင်းပွင့်လေးနဲ့တူသော အလှပိုင်ရှင်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Inter Milan-Liverpool	ESPN (Live)

နေပြည်တော်မဟာသဂြိန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် မတ် ၁၀

နေပြည်တော် မဟာသဂြိန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် မြို့တော်ဂေါက်ကွင်းတို့တွင် တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး သုံးရက်ပေါင်း အကောင်းဆုံးအသင်းအား နေပြည်တော်မဟာသဂြိန် Tour Gold Cup ဖလားနှင့် ရွှေအဆင့် အသင်းလိုက်ဆု၊ ဒုတိယရရှိသည့်အသင်းအား ငွေအဆင့် အသင်းလိုက်ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

အမည်စာရင်းပေးပို့

ဂေါက်ကွင်းအလိုက် နေ့စဉ်ပြိုင်ပွဲများတွင်လည်း ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုများကို ကွင်းအလိုက် ထိုက်တန်စွာ သီးသန့်ချီးမြှင့်ပေးသွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသားဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် အသင်းလိုက်ပါဝင်ယှဉ်ပြိုင်နိုင်ရေးနေပြည်တော်မြို့တော်ဝန်ရုံးသို့ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၈ရက်က မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံး (က)အဆင့် ရန်ကုန်တိုင်း (အရှေ့ပိုင်းဒေသ) စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၂၇၁)တွင် ဒုတိယတိုင်းရောင်းဝယ်ရေးအရာရှိ ဦးဇော်မော်လင်း၊ ဆိုင်မန်နေဂျာ ဦးသိန်းဆိုင်နှင့် ဝန်ထမ်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာန ဒု-ဦးစီးမှူး ဦးမြင့်စန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။ (က-ပ)

ဓာတ်ဆီဖြည့်မှု သတိပြု

ရန်ကုန် မတ် ၁၀

ပူပြင်းသောရာသီကာလ မွန်းလွဲချိန်များတွင် မော်တော်ယာဉ်များ **ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ပြီး စက်သုံးဆီထုတ်ယူခြင်းအား နေ့စဉ် နံနက် ၇နာရီမှ မွန်းလွဲ ၁၂နာရီခွဲအတွင်းသာ ဆောင်ရွက်သင့်ကြောင်း မီးသတ်ဦးစီးဌာနက အကြံပြုထားသည်။** (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ်၊ အစဉ်သတိ အမြဲရှိ။

ပခုက္ကူမှာ စာပေပွဲ

ပခုက္ကူ အ.ထ.က(၂) ခန်းမ၌ စာပေဟောပြောပွဲလာသူ ပရိသတ်များ ခန်းလုံးပြည့်နေပြီဆိုလျှင်ကျောင်းခန်းမ အပြင်ဘက်တွင် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များ အစီအရီ ရပ်နားထားသည်ကို တွေ့ရပြီဆိုလျှင် ပခုက္ကူမြို့၌ မြန်မာစာပေ မြတ်နိုးစိတ် အမြစ်တွယ်နေခြင်း၏ သက်သေသာဓကတစ်ရပ် အထင်အရှားဖြစ်သည်ဟု သဘောပေါက်ရသည်။

ကျွန်တော်တို့သည် ဖေဖော်ဝါရီလ ၂၉ ရက်နေ့ညက စာပေဟောပြောပွဲတစ်ရပ်ကို မြို့ခံ ဦးအုံးဖေ စာကြည့်တိုက် ကော်မတီ၏ စီစဉ်မှုဖြင့် တက်ရောက် ဟောပြောခွင့် ရခဲ့ပါသည်။ ထိုဟောပြောပွဲမှာ နောက်တစ်နေ့ မတ်လ၁ရက်တွင် ကျင်းပပြုလုပ်မည့်(၁၅)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေစာပေဆုပေးပွဲအတွက် အကြိုအခမ်းအနား ဖြစ်ပါသည်။ နှစ်တိုင်းနှစ်တိုင်းဆိုသလိုပင် ပခုက္ကူဦးအုံးဖေဆုပေးပွဲ ပခုက္ကူမြို့တွင် ကျင်းပမည့် အလှည့်နှင့်ကြုံလျှင် စာပေဟောပြောပွဲများ တစ်ညတန်သည် နှစ်ညတန်သည် ကျင်းပ ပေးလေ့ရှိသည်။

ပခုက္ကူ စာပေပွဲများ၌ ယခုနောက်ပိုင်းတွင် ထူးခြားလာသည်မှာ အခမ်းအနားကျင်းပရာ ပြည်သာယာခန်းမအနီး ရွှေချောင်းတံတား၏ဗုဒ္ဓကုန်းတော်ဘက်ကမ်းတွင် စာအုပ်ဈေးပွဲတော်တစ်ရပ်ကိုပါ ကျင်းပပေးခြင်းဖြစ်သည်။ ယခုနှစ် စာအုပ်ဈေးပွဲတော်သည် တတိယအကြိမ်မြောက် ကျင်းပပေးခြင်းဖြစ်သည်။ ရန်ကုန်မှ လှမ်း၍စီစဉ်ရသောကြောင့် ဆိုင်ခန်းမများလှဘဲ ဖွင့်လှစ်ရက်လည်းနည်းပါးသည့်ကြားကပင် ပါသမျှ စာအုပ်တွေကုန်လုနီးပါးရောင်းရသည်။ မန္တလေးပြည့်စုံတိုက်ခွဲနှင့် ရန်ကုန်စာပေဗိမာန်တို့မှ ဆိုင်ထွက်သည်။

အမှန်ပင်လည်း ပခုက္ကူနယ်တစ်ဝိုက်သည် စာပေကိစ္စ၌ ရေခံမြေခံကောင်းသော အရပ်ဖြစ်သည်ကို ရှေးကတည်းကပင် သိသာလှသည်။ လောကီ စာပေသာမက လောကုတ္တရာပရိယတ်တို့လည်း ထွန်းကားဖွံ့ဖြိုးရာ တက္ကသိုလ်အရပ်တစ်ခုဖြစ်ပေသည်။ ကျွန်တော်တို့သည် နှစ်များမကြာမီကပျံလွန်တော်မူသွားသော ကျမ်းပေါင်း ၃၀၀ကျော် ပြုစုခဲ့သည့် ဆရာတော်အရှင်ကေလာသ(ဘီအေ)၏ စာပေပြုစုရာ ကျောင်းတိုက်အခန်းဆောင်တွင်းသို့ မြို့ခံ စာရေးဆရာ ဒေါက်တာသက်လွင်၏ ကျေးဇူးဖြင့် ရောက်ခဲ့ဖူးသည်။

ပခုက္ကူမြို့နှင့် မလှမ်းမကမ်းတွင်ရှိသော မြိုင်၊ ပေါက်၊ ရေစကြို၊ ပခန်း မြို့နယ်များမှ လွတ်လပ်ရေးခေတ် သည်ဘက်တွင် ပေါ်ထွက်ခဲ့သော ကျွန်တော်တို့နှင့် ကျွမ်းနီးနေသည့် ကလောင်ရှင်များကို အမှတ်ရသည်။အချို့ကလောင်များ ရပ်နားခဲ့ပြီ ဖြစ်သော်လည်း အချို့ကလောင်များမှာ ဆက်လက် ရှင်သန်ဆဲဖြစ်သည်။ နောက်ပေါ်ထွက်မည့် မျိုးဆက်သစ်တို့အားယူနေကြသည်ကိုလည်း ထိုညက ကျင်းပသော စာပေဟောပြောပွဲနှင့် နောက်နေ့မနက်တွင် ကျင်းပသော စာပေ အခမ်းအနားတို့၏ ပရိသတ်အကြား၌ အားတက်ဖွယ် ရိပ်စားမိခဲ့ရသည်။

ပခုက္ကူ ကလောင်များထဲမှ အရင်းနီးဆုံး ကလောင်တစ်ချောင်းမှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဖြစ်ခဲ့သူ ဦးကျော်အောင် (စာရေးဆရာကျော်အောင်)ကိုသတိရမိသည်။ ကိုအောင်လင်း (ဆရာအောင်လင်း)နှင့် ကိုမြသန်း (ဆရာမြသန်းတင့်)ကိုလည်း မမေ့နိုင်။ ဘုန်းနွယ် (ရေစကြို)ကို သုတေသီတစ်ပါး အဖြစ် ရေစကြိုမြို့တွင် ယခင်တစ်ခေါက်က ဆုံခွင့်ရခဲ့သည်။ ယခုအခေါက်တွင် စာရေးဆရာ နန်းလှိုင်(ခေါ်)ပုရိသနှင့် တွေ့ရသည်။စာပေဗိမာန်ဆုရမြင့်ရည် (တမာမြေ)ရှိသည်ဟုသာ ကြားခဲ့သည်။ ဟာသ၌ ပြောင်မြောက်သော ဆရာမောင်ကြက်တောနှင့်သုတေသီကြူရတနာ မောင်မြကြိုင်တို့ကား ကွယ်လွန်လေပြီ။ ဆရာ'ကြည်ပြုံး'လည်းမရှိတော့။ 'ပန်းချီညို' အမည်ခံ ဆရာမဒေါ်အေးကြည်နှင့် ယခုအခေါက်မှ စကားပြောဖြစ်သည်။ ဦးခင်ဝင်း(လူမွန်-ပခုက္ကူ)က သွားလေရာပါသည်။

ပခုက္ကူသား ဒေါက်တာ တိုးလှ၊ (မြန်မာ့သမိုင်းဦးစီးဌာန၊အတွင်းရေးမှူး) က ပခုက္ကူဦးအုံးဖေ၊ စာအုပ်ဆုရသူအဖြစ် အခြားဆုရတစ်ဦးဖြစ်သူစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဗဟိုအမှုဆောင် မောင်စိုးထိုက်(သုံးဆယ်)နှင့် အတူ ရန်ကုန်မှ ကားဖြင့်လိုက်ပါလာသည်။

၂၀၀၇ခုနှစ်အတွက် တစ်သက်တာ စာပေဆုရ မြန်မာစာအဖွဲ့၏ အတွင်းရေးမှူးလည်း ဖြစ်ခဲ့သူ၊ အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီဒုတိယ ဥက္ကဋ္ဌ ဦးသော်ကောင်းမှာ သူလက်ရှိလေ့လာနေသော ပေ၊ပုရပိုက်စုဆောင်းရေးကိစ္စတို့ကို မြို့ခံသုတေသီ ဆရာ နန်းလှိုင်(ပုရိသ)နှင့် နံနက်စာစားရင်း အားတက်သရောခြေရာကောက် ဆွေးနွေးသံကိုကြားခဲ့သည်။ ဒေါက်တာသော်ကောင်းသည် ပခုက္ကူ ဆုနှင်းသဘင် အခမ်းအနား၌ သူ၏စာပေဆိုင်ရာ ပြန်ကြားချက်တွင် ပခုက္ကူမြို့မှ ဆရာဦးတင်ငွေထံမှ ရရှိသည့် ရှားရှားပါးပါး တရုတ်ပြည်သို့သွားရောက်သည့် ဟံသာဝတီရောက် မင်းတရားလက်ထက် မြန်မာသံအဖွဲ့ အကြောင်းမှတ်တမ်း(၁၇၅၀-၁၇၅၂) ပေမူရခဲ့ကြောင်းကို ကျေးဇူးစကားနှင့်အတူ ပြောကြားသည်။ မြန်မာ့သမိုင်းအတွက် အဖိုးတန်ရှားပါး ပေ၊ပုရပိုက်များကို လက်ဝယ်စုဆောင်းထားရှိသူတို့က ဖော်ထုတ်ကြဖို့နှင့် Information Studies အကြောင်း တိုးချဲ့လေ့လာကြဖို့ မေတ္တာရပ်ခံတိုက်တွန်းသွားသည်။ သူသည် အင်္ဂလိပ်ဘာသာ၌ ကျွမ်းကျင်သူပီပီ ပြည်ပသို့ မြန်မာနှင့်မြန်မာ့စာပေအကြောင်း ထိုးဖောက်ဖြန့်ချိရန် အားသန်နေသူတစ်ဦးဖြစ်ပေသည်။

ထိုအချိန်၌ ၁၉၉၃ ခုနှစ်က ပခုက္ကူတွင် ဤစာပေပွဲမျိုးဖြစ်ပေါ်စေရန် ရန်ပုံငွေတစ်ရပ်ထူထောင် လှူဒါန်းခဲ့သော ဦးအုံးဖေကား အိပ်ရာတွင် လဲလျောင်း၍သာအနေများတော့သည်။

အမှတ်ရစရာ သူ့ကောင်းမှုများကို သတိကောင်းတစ်ချက်၊ မေ့လျော့တစ်ချက်ဖြင့် ပါဝင်၍စကားဆိုသည်။ သူကိုယ်တိုင် ဩည့်သည်များတည်းခိုရာ ပခုက္ကူပညာရေး ကောလိပ်သို့ အပွေ့အထမ်းနှင့် ရောက်လာသေးသည်။ သူသည် အသက် ၉၁ နှစ် အတွင်းသို့ ရောက်ခဲ့ပြီး ပြောင်းလဲလာသော သူ၏ ဘဝသစ်၌ အတိတ်အတွက် အကြွေးဆပ်ခဲ့သည့်အပြင်သူကိုယ်တိုင်ကလောင်ရှင်တစ်ဦးဖြစ်ရန် အားထုတ်ခဲ့သူဖြစ်သည်။ သူပေးဆပ်သော အကြွေးကို ပခုက္ကူစာပေပရိသတ်နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းမှ စာဖတ်သူတို့သည် စာပေဗိမာန်မှ ပုံနှိပ်ပေးသည့် ပခုက္ကူစာမူဆုပေါင်း၂၀၀မျှကို စာအုပ်အသွင်ဖြင့် ဖတ်ခွင့်ရနေကြပြီဖြစ်သည်။

ပခုက္ကူ ဆုပေးပွဲနေ့၌လည်း ဦးအုံးဖေကိုယ်တိုင် မိနစ်အနည်းငယ်မျှ ဇရာဒုဗ္ဗလအကြားမှ ထူးထူးခြားခြား အားတက်သရော လာရောက်ချီးမြှင့်ပါသေးသည်။ ထိုအခမ်းအနား၌ ဦးအုံးဖေ၏ကိုယ်စား မေတ္တာစကား ပြောကြားသော ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီ၏ ဥက္ကဋ္ဌ 'မလေး'ဆေးလိပ်လုပ်ငန်းမှ ဦးတင့်ဆွေက ဤဆုများသည် ပုဂ္ဂိုလ်တစ်ဦး၏ အမည်တပ်သောဆုအဖြစ်မှ ဇာတိမြို့၏ မွန်မြတ်သောလုပ်ငန်းတစ်ခုအဖြစ်သို့ ပြောင်းလဲလာနေသည့်အကြောင်းကို တင်ပြခဲ့ပါသေးသည်။

ထိုအပြောင်းအလဲကို သူတို့ဒေသရပ်ရွာကိုယ်စား ဆက်ခံ၍ အကောင်အထည်ဖော်သွားမည့်သူတို့ကို ကျွန်တော်တို့ တွေ့မြင်နေသည်။ ထိုသူတို့ထဲမှ ထင်သာမြင်သာရှိသော ပုဂ္ဂိုလ်တို့မှာ ရပ်ရေးရွာရေးနှင့် နိုင်ငံတော် အကျိုးတို့၌ ပါဝင်ဆောင်ရွက်လျက်ရှိသော ဦးတင့်ဆွေ အပါအဝင် သပြေညိုမှ ဒေါက်တာသက်လွင်၊ အောင်မြင့်မိုရ်ရောင်းဝယ်ရေးမှ ဦးအောင်သန်းနှင့် ဦးလေးအုံး၏ အမွေခံမြေး ကိုမြင့်ဌေး၊ လက်ဖက်ခြောက်နှင့် ပွဲရုံလုပ်ငန်းမှကိုသိန်းခိုင်ဦးတို့ ဖြစ်ကြရပေလိမ့်မည်။

ရန်ပုံငွေလှူဒါန်းမှု အားထုတ်ခြင်းကနဦးအစ၌ ပါဝင်ခဲ့သော ဦးအုံးဖေ၏ လူမှုရေးလက်တွဲဖော်များအနက် မြို့နယ် ပညာရေးမှူး ဆရာဦးမြင့်အောင်မှာ ပခုက္ကူ ဘိုးဘွားရိပ်သာ၌ အချိန်ပြည့် တာဝန်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ကျန်ပုဂ္ဂိုလ်နှစ်ဦးဖြစ်သူ ဦးဘိုကြည်နှင့် ဦးမြဝင်းတို့ကား ကွယ်လွန်သွားခဲ့ပြီ။ ပခုက္ကူ ဦးအုံးဖေ၏ ဒါနကား စာပေ၌သာ မဟုတ် ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်မှ ထက်မြက်သော ကျောင်းသား ကျောင်းသူပေါင်း ရာဂဏန်းမျှ ဆုပေးပွဲတိုင်းတွင် သီးခြားချီးမြှောက်ခဲ့သည်။ ထိုသီးခြားပညာရေး ရန်ပုံငွေကိုပြန်ကြားရေးဝန်ကြီးဌာနနည်းတူ ပညာရေး ဝန်ကြီးဌာနကလည်း ကော်မတီဖြင့် ကြီးကြပ်ထိန်းသိမ်းပေးသည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနက ဦးအုံးဖေ လှူဒါန်းခဲ့သော စာပေဆုရန်ပုံငွေကို ရန်ပုံငွေကြီးကြပ်ရေးကော်မတီဖွဲ့စည်း၍ အုပ်ချုပ်စီမံစေလျက်ရှိ၏။ ခေါင်းဆောင်သူတို့တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦး (သုတစွယ်စုံ) တို့ဖြစ်သည်။ ပခုက္ကူ ဦးအုံးဖေ စာပေဆုရွေးချယ်ရေးကော်မတီတစ်ရပ်ကိုလည်းသီးခြားဖွဲ့စည်း ပေးထားသည်။ (၁၅)ကြိမ်မြောက် ကျင်းပသော ပခုက္ကူဦးအုံးဖေစာပေဆုပေးပွဲ၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်များအပြင် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများပါ ဆုရကျောင်းသားလူငယ် ပညာချွန်သူများနှင့်အတူ တက်ရောက်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား ပခုက္ကူ ဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီ၏ နာယကတစ်ဦးဖြစ်သူ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း တက်ရောက်၍ အမှာစကား ချီးမြှင့်ပြောကြားခဲ့သည်။ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှစာပေဆုရရှိသူ၊ ပညာရည်ချွန်ဆု ရရှိသူများလည်း မြို့ခံစာပေချစ်သူပရိသတ်နှင့်အတူ စုံစုံညီညီ တက်ရောက်ခဲ့ကြလေသည်။

စာပေကျမ်းဂန် ရေခံမြေခံကောင်းသော ပခုက္ကူမြို့၏ စာပေအခမ်းအနားကို ပခုက္ကူမြို့တွင် ထင်ရှားသည့် သိဃ်ုရှင်(သီဟိုဠ်ရှင်)စေတီတော် ထီးတင်ပွဲနှင့်လည်း တိုက်ဆိုင်နေသဖြင့် အောင်ပွဲနှစ်ရပ် ပြိုင်တူစည်ကားသိုက်မြိုက်ခဲ့ရပါကြောင်း။ ။

မောင်ဆုရှင်

ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကွန်ဟိန်း၌ကျင်းပ

ကွန်ဟိန်း ဖေဖော်ဝါရီ ၂၁

၁၃၆၉ခု မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ဖေဖော် ဝါရီလ ၂၁ ရက် ညနေ ၄ နာရီက ကွန်ဟိန်းမြို့နယ် မဟာကမ္ဘောဇ ပြည်ငြိမ်းအေးစေတီတော်အနီး ဘောလုံးကွင်း၌ ကျင်းပရာတပ်နယ်မှဒုတိယဗိုလ်မှူးကြီး တင်မောင်ဆွေက တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ တပ်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ ရပ်ကွက် ဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အသင်းများ စုစုပေါင်း အင်အား၇၀၀ခန့် တက်ရောက်ကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ထမနဲထိုးပြိုင်ပွဲ ကျင်းပရာ ပထမဆုရရှိသော မြို့မအုပ်စုအား ဒုတိယဗိုလ်မှူးကြီးတင်မောင်ဆွေက လည်းကောင်း၊ ဒုတိယဆုရရှိသော အမှတ်(၂)ရပ်ကွက်အား မြို့နယ်ဥက္ကဋ္ဌက လည်းကောင်း၊ တတိယဆုရရှိသော အမှတ်(၄) ရပ်ကွက်အား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မြို့နယ်မှူးက လည်းကောင်း ဆုများအသီးသီးချီးမြှင့်သည်။ **(က-ပ)**

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ရပ်ကွက်ကျေးတမာလမ်း ဇေတဝန်အောင်စံ ပရိယတ္တိစာသင်တိုက်အတွင်းဆောက်လုပ်ဆဲ သိမ်ကျောင်းဆောင်အတွက် ၃၆ နှစ်ပြည့် မင်္ဂလာရက်မြတ်အဖြစ် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ရာဇသူရလမ်း အမှတ်၁၀၉၂နေဦးထွန်းမြင့်-ဒေါ်ခင်ခင်ချို၊သား ကိုအုံ့ထူးနိုင်၊ ကိုသီရိမောင်၊ကိုဝေယံထွန်း၊သမီးမမြဒီပါထွန်း မိသားစုကငွေ ကျပ် ၃၆ သိန်းကို ကျောင်းအကျိုးတော်ဆောင်ဦးစိန်မောင်ထံ လှူဒါန်းစဉ်။ (က-ပ)

တောင်ငူ ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်း

တောင်ငူ မတ် ၃

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန တောင်ငူပညာရေးကောလိပ် ဒသမအကြိမ်မြောက် ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ပညာရေးကောလိပ် သီရိရတနာခန်းမ၌ ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ သင်တန်းသူ ၄၇၂ဦးတို့အား သင်တန်းဆင်း ဒီပလိုမာလက်မှတ်များအပ်နှင်း ပေးအပ်သည်။

(ဝ၄၇)

ရန်ကင်းမြို့နယ် ၁ရပ်ကွက် အခန်း၄ တိုက်၁နေ ခင်ပွန်းဦးမြင့်ဝင်းနှင့် "M.V SHIN SETO" သင်္ဘောသားများ(ကိုယ်စား) အစ်မဖြစ်သူ ဒေါ်ခင်စန်းဝင်းက ဒေါ်မြင့်မြင့်မော်အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် ၂ အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။

(က-ပ)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နေခြည်ဈေး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၉ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်လျက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး ဆောင်ရွက်

ငပုတော ဖေဖော်ဝါရီ ၂၀

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဖွဲ့ပိုင်ဈေးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လျှပ်စစ်မီးကြိုးနှင့် လျှပ်စစ်ပစ္စည်းကိရိယာများ ကောင်းမွန်မှု ရှိ မရှိကို ဇန်နဝါရီ ၈ရက်က စည်ပင်အမှုဆောင်အရာရှိဦးကျော်နိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

မအူပင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးဌာန ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

မအူပင် ဖေဖော်ဝါရီ ၂၈

မအူပင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းတင်၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဒေါ်မိုးစန္ဒာဦးနှင့် မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်တို့ ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ရက်က မအူပင်မြို့ အဝေးပြေးကားဂိတ်ဝင်းအတွင်း ရန်ကုန်-မအူပင်-ပုသိမ်မြို့များသို့ ပြေးဆွဲနေသော ခရီးသည်တင်အငှားဘတ်စ်ကားကြီးများအား ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအဆင်ပြေ ချောမွေ့ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ယာဉ်အင်္ဂါရပ်၊ စည်းကမ်းချက်များညီညွတ်စေရေးအတွက် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသည်များအားတွေ့ဆုံပြီး ပညာပေး စစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဦးယော လမ်းကတ္တရာ လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲလတ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အမှတ်(၇၅) ကုဋ္ဌာသယလမ်း ကျောက်မြောင်း ရန်ကုန်မြို့မှ ကျမ်းစာအုပ်အတွက် လှူဒါန်းငွေကျပ်တစ်သိန်းကို အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ် အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းကဗိုလ်အောင်ကျော်လမ်းရှိ သာစုကာရီမွှာရုံ၌ အလှူရှင်များ ကိုယ်စား အဘိဓမ္မာ မဟာသိပ္ပံ အထွေထွေအတွင်းရေးမှူး ဦးသိန်းဟံသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

(၁၀၉)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) သုခမ္မမဏိဇောတရေ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့်လူမှုထူးချွန် (တတိယ/ပထမဆင့်)ဆုရှင် **(ယာပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ မတ်၅ရက်က(၁၀၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။**(က-ပ)**

မြစ်ကြီးနား မြို့မဈေးကြီးများအတွင်း သန့်ရှင်းသပ်ရပ်သာယာရေး ဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့ မြို့မဈေးကြီးများ သန့်ရှင်းသပ်ရပ်သာယာလှပပြီး ဈေးစည်းကမ်းနှင့် ညီညွတ်မှုရှိစေရန် ဈေးစည်းကမ်းချက်များ၊ ဈေးမီးဘေးလုံခြုံရေး စီမံချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်က ဈေးကြီးသုံးဈေးပိတ်ကာ ဈေးဆိုင်ရှင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးဝန်ထမ်းများပူးပေါင်း၍ ဈေးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဈေးများအတွင်းရှိ ရေမြောင်းများတွင် အမှိုက်၊ နုန်းမြေဆယ်ယူစွန့်ပစ်ခြင်း၊ ကမ်းနားလမ်းဈေး ဟင်းသီးဟင်းရွက်တန်း၊ သားငါးတန်းများ သန့်ရှင်းသပ်ရပ်ရေး၊ အနံ့အသက်များ မထွက်ရှိရေးအတွက် ဆေးဖျန်းခြင်းဆောင်ရွက်ကြရာ မြို့နယ်တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူးဦးဇော်မိုး၊ ဒုတိယဦးစီးမှူး (ဈေး) ဒေါ်ရွယ်ဂျာနှင့် ဈေးမိ ဈေးဖတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖျာပုံ အထက(၃) အာစရိယပူဇော်ပွဲကျင်းပမည်

ဖျာပုံ မတ် ၅

ဖျာပုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဧပြီ၅ရက် ညနေ ၃နာရီတွင် ဖျာပုံမြို့ အထက(၃)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများမှ အလှူငွေများကို အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးကြည်တင် ဖုန်း-၀၄၅-၄၀၃၆၁၊ ဒေါ်စန်းယဉ် (ရွှေခြသေ့်သက်န်းတိုက်) ဖုန်း-၀၄၅-၄၀၇၀၇၊ ဒေါ်မြင့်မြင့်သန်းကြီး ဖုန်း-၀၄၅-၄၀၂၃၂၊ ဒေါ်မူမူရွှေ ဖုန်း-၀၄၅-၄၀၀၁၈၊ ဒေါ်သန်းသန်းဝင်း(သန်းသန်းထမင်းဆိုင်)၊ ဦးဟိန်းဇေလင်း(ပီစီကွန်ပျူတာဆိုင်) ဖုန်း-၀၄၅-၄၀၆၆၂တို့နှင့် ရန်ကုန်မြို့တွင် ဒေါက်တာရီရီမြ ဖုန်း-၅၇၂၁၄၇၊ နော်ကစ်တီ ဖုန်း-၃၈၄၄၃၂ နှင့် ဒေါ်စန်းစန်းမော် ဖုန်း-၅၁၁၈၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၈)**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ သာယာဝတီမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၁)တွင် ဆောင်ရွက်သော သုံးဆယ်ချောင်းတံတားအနီး တံတားချဉ်းကပ်လမ်း မြေဖို့ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၃ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးဆောင်ရွက်

နေပြည်တော် တပ်ကုန်း မတ် ၁

နေပြည်တော် တပ်ကုန်းသည် လူဦးရေများပြားလာပြီး ယာဉ်များလည်း များပြားလာသည်ကို တွေ့ရသည်။ အဆိုပါယာဉ်များအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အစဉ်တစိုက် လိုက်နာပြီးမောင်းနှင်နိုင်ရန်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုအရ ဖေဖော်ဝါရီ ၁၄ ရက်က ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ပညာပေးအရေးယူဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ **(အောက်ပုံ)**

စစ်ဆေးပညာပေး

မြို့နယ်အတွင်း နေ့စဉ်ပြေးဆွဲလျက်ရှိသည့် ထော်လာဂျီများ၊ သုံးဘီးဆိုင်ကယ်ယာဉ်များ၊ အဝေးပြေးယာဉ်လိုင်းများ၊ ခရီးသည်များထံမှ ယာဉ်စီးခများ သတ်မှတ်နှုန်းထားအတိုင်း တောင်းခံရေးများကိုလည်းကောင်း၊ ယာဉ်မောင်းများအနေဖြင့် ယာဉ်ကိုမဆင်မခြင်မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ တစ်စီးနှင့်တစ်စီးယှဉ်ပြိုင်မောင်းနှင်ခြင်း၊ မူးယစ်သောက်စား၍ မောင်းနှင်ခြင်း၊ ခရီးသည်များ ခေါင်မိုးပေါ်တင် မောင်းနှင်ခြင်းများ မပြုလုပ်ရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဖေဖော်ဝါရီ၁၅ရက် နံနက်ပိုင်းတွင် စစ်ဆေးပညာပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မင်းဘူး ဖေဖော်ဝါရီ ၂၇

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းနှင့် အခမ်းအနားမှူး သင်တန်း (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၇ရက်က မင်းဘူးစကုမြို့နယ် သမထီးကျေးရွာ ပဌမရွှေကျမ်းတိုက် ဘုန်းတော်ကြီးကျောင်း ဓမ္မရုံသိမ္မာရုံ၌ ကျင်းပသည်။

ပို့ချ

အဆိုပါသင်တန်းသို့ စကုမြို့ပေါ် ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာ ၃၈ရွာမှ စာကြည့်တိုက်မှူးများ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ စုစုပေါင်းသင်တန်းသားသင်တန်းသူ၉၆ဦး တက်ရောက်ပြီး ခရိုင်ဦးစီးအရာရှိဦးသိန်းထွန်းအောင်၊ ဒုတိယဦးစီးမှူးဦးကျော်စိုးနှင့် ဝန်ထမ်းများက ဘာသာရပ်များအလိုက် သင်တန်းပို့ချခြင်း၊ လက်တွေ့ဆောင်ရွက်စေခြင်းလုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးမြို့ ကန်တော်ကြီး ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေဖြန့်ဝေပေးနေမှု အခြေအနေကို ဇန်နဝါရီ ၂၁ရက်က တိုင်းညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် လက်ထောက်အင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (က-ပ)

ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် မင်းလမ်းနေ ဦးသန်းရွှေ-ဒေါ်အေးမြင့် မိသားစုက ကျောက်တန်း ဘိုးဘွားရိပ်သာ ထာဝရငွေ ပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ကျောက်တန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလှရွှေ လက်ခံယူစဉ်။ (၁၁၅)

မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ မုံရွာဝါကြိတ်စက်ရုံ၌ ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၄

မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၄ရက်က မုံရွာမြို့ ဝါကြိတ်စက်ရုံ၌ ကျင်းပရာ စစ်ကိုင်းတိုင်း မီးသတ်ဦးစီးမှူး ဦးတင်မင်း၊ မုံရွာခရိုင် မီးသတ်ဦးစီးမှူး ဦးစောလွင်မြင့်၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာနမှ စစ်ကိုင်းတိုင်း ကြိတ်ခွဲရေးတာဝန်ခံ ဦးဝင်းမြင့်နှင့် စက်ရုံတာဝန်ခံ ဦးမင်းလွင်တို့က ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ထမ်းများက မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်မှုကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။ **(အောက်ပုံ) (တိုင်းမီးသတ်)**

လှိုင်သာယာ(၁၀)ရပ်ကွက် နတ်မောက်လမ်း ကိုအောင်ကျော်ထူး-မခင်မာနိုင် (ပြည်စိုးဟန်ကုမ္ပဏီ) မိသားစုက ရန်ကင်းပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိဏ်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ်ငါးသိန်းကို ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံစဉ်။ (က-ပ)

စာကြည့်တိုက်များ ကြည့်ရှုစစ်ဆေး

မော်လိုက် ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းသည် မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ကြည်နှင့် ဝန်ထမ်းများလိုက်ပါလျက် ဖေဖော်ဝါရီ၁၃ရက်က မော်လိုက်မြို့နယ် ညောင်သပြေကျေးရွာသို့ ရောက်ရှိရာ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံ၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးနှင့် ကျေးရွာနေပြည်သူများ စာပေဖတ်ရှုလိုစိတ် တိုးပွားလာစေရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် မြို့ပတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်၊ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးတို့ ကွင်းဆင်းကြည့်ရှုရာ အငယ်တန်း အင်ဂျင်နီယာ-၂(မြို့ပြ) ဦးဝင်းကို ရှင်းလင်းတင်ပြစဉ်။ (၁၃၇)

ပြန်ကြားရေးဝန်ကြီး၏ မှာကြားချက် ထပ်ဆင့်ရှင်းလင်းပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီး၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ဖေဖော်ဝါရီ၁၈ရက်က တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်၊ တောင်ကြီးခရိုင်အတွင်း မြို့နယ်များမှ ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထပ်ဆင့်ရှင်းလင်းမှာကြား

ထို့နောက် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး၏ လုပ်ငန်းလမ်းညွှန်မှာကြားချက်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက အကျယ်တဝင့် ထပ်ဆင့်ရှင်းလင်းမှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မျိုးဆက်ပွားဆိုင်ရာ အသိပညာပေးဟောပြော

အထက်မင်းလှ ဖေဖော်ဝါရီ ၂၆

မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊အမျိုးသမီးရေးရာအဖွဲ့နှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သော မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ရက်မှစ၍ မြို့ပေါ်ရပ်ကွက်ပေါင်း၁၀ရပ်ကွက်တွင် ကျင်းပခဲ့သည်။ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝင်း **(အောက်ပုံ)**က မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာများကို ဟောပြောပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကိုယ်ဝန်ဆောင် မိခင်များအား အိုင်အိုဒင်းဆားများ ဝေငှပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဆည် ပြန်/ဆက် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်း

ကျောက်ဆည် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တစ်နှစ်တာလုပ်ငန်းများ ဆောင်ရွက်ရေးလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉နာရီက မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကျင်းပသည်။

အစီအစဉ်အရပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ပြောကြားသည့်လုပ်ငန်းလမ်းညွှန်မှာကြားချက်များနှင့် ဦးစီးဌာန (ရုံးချုပ်)၏ ၂၀၀၈ခုနှစ် တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ရမည့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးလုပ်ငန်းများကို တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက ထပ်ဆင့် ရှင်းလင်းသည်။ ဆက်လက်၍ မြို့နယ် ဦးစီးမှူးများက မိမိမြို့နယ်အလိုက် လုပ်ငန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ တင်ပြကြသည်။

မှာကြား

ထို့နောက် ခရိုင်ဦးစီးအရာရှိများက ခရိုင်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ဖြည့်စွက်တင်ပြကြပြီး တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ညှိနှိုင်း

အုတ်ဖို ဖေဖော်ဝါရီ ၂၈

သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းသည် အုတ်ဖိုမြို့နယ် ဦးစီးမှူး ဒေါ်ညွန့်ညွန့်စိန်နှင့်အတူ ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီက အုတ်ဖိုမြို့နယ်ကျွန်းကောက်ပင်ကျေးရွာအုပ်စု ရွှေကျွန်းသာ စာကြည့်တိုက်တွင် စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံရမည့်မူများအား ရှင်းလင်းဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် အုတ်ဖိုမြို့နယ် လေးတဲကျေးရွာအုပ်စု မျိုးဆက်သစ်စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့ သာယာ လှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ရက်က မြို့အဝင် ကျွန်းတိုင်အဝိုင်းတွင် မြေယာရှုခင်းအလှပြုပြင်ခြင်း၊ ပန်း အလှပင်များ စိုက် ပျိုး ခြင်း အား အငယ်တန်း အင်ဂျင်နီယာ(၂)ဦးသန့်ဇင်နှင့် ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးအောင်ကိုလတ်နှင့် ဦးစီးအရာရှိဦးထင်အောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၁၇)၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပညာရည်ချွန်ဆု ပထမဆုရ မောင်သန်းထိုက်စံအား ကျောင်းအုပ်ဆရာကြီး ဦးစံလွင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်မှုကို လိုလားသည်
- အေးချမ်းမှုကို လိုလားသည်
- ဆူပူအကြမ်းဖက်မှုကို မလိုလား

ယနေ့အစိုးရ၏ ကြိုးပမ်းမှုများသည် မြန်မာပြည်သူအများစု၏ ဆန္ဒသဘောထား လိုလားချက်များနှင့်အညီဖြစ်
ဒီမိုကရေစီ၏ အနှစ်သာရနှင့်အညီ အများစု၏ လိုလားချက်များကို ပြည့်ဆည်းဖော်ဆောင်ပေးနေ
ပန်းတိုင်အရောက် လှမ်းလျှောက်ချီတက်နိုင်ရေး မိမိတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးဖို့ မျှော်လင့်
ပူးပေါင်းပံ့ပိုးထောက်ကူမှုရရှိလျှင် ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံးအောင်မြင်အောင် တည်ဆောက်နိုင်မည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့၊ နိုင်ငံခြားသံရုံးမှ သံတမန်များ၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ ထပ်မံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့်အဖွဲ့တို့ ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့်အဖွဲ့တို့သည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ ထပ်မံတွေ့ဆုံကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

ဆက်လက်ပူးပေါင်း

တွေ့ဆုံပွဲတွင် မစ္စတာဂမ်ဘာရီက ဦးစွာရှင်းလင်းဆွေးနွေးရာ၌ ယခုကဲ့သို့ မိမိအား မြန်မာနိုင်ငံသို့ လာရောက်ခွင့်ပေးမှု၊ ခရီးစဉ်အတွင်း အစစအဆင်ပြေချောမွေ့အောင် စီစဉ်ပေးမှု၊ ဧည့်ဝတ်ကျေပွန်မှုများအတွက် များစွာကျေးဇူးတင်ပါကြောင်း၊ ၎င်းအပြင် တွေ့သင့်တွေ့ထိုက်သူများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့သည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့နှစ်ဖက်အကြား ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဘက်က အမြဲတံခါးဖွင့်ထားသည်ဟု မျှော်လင့်မိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်ဦးနှစ်ဖက်အကြား ပွင့်လင်းရင်းနှီးစွာဆွေးနွေး အမြင်ဖလှယ်ခွင့်ရခဲ့ပါကြောင်း၊ မိမိတို့နှစ်ဖက်လုံးအနေဖြင့် မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် မြင်တွေ့လိုသည့် ဆန္ဒချင်းတူညီသည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း၊ မိမိနောက်ထပ်လာရောက်ပြီး နှစ်ဦးနှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်ခွင့်ရနိုင်မည်ဟု ယုံကြည်မိပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳